www.burmeseclassic.com




တက္ကသိုလ်

ကျင်းယုံ၏ ယီလျှိုတောင်းစု

အန္တရာယ်ကြားမှဖူးစာရှင်

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# အနန္တရာယ်ကြားမှ ပူးစာရှင်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ဘီလူးညီနောင်

မြင်းစီးသမားများသည် တည်ခိုးခန်းအား ဝိုင်းရံထားလိုက်ကြပြီ ဖြစ်လေသည်။

အသင့်ယူဆောင်လာသော မီးတုတ်များကို ထွန်းညှိလိုက်ကြသည်။

တည်းခိုခန်းပတ်ဝန်းကျင်တွင် မီးရောင်များ ထိန်ထိန်လင်းသွားလေတော့သည်။

ရှောင်ကျင်း အံ့သြသွားသည်။

ဘီလူးညီနောင်ဆိုသောအမည်ကိုလည်း စိတ်ဝင်စားသွား၏။

သူ၏ဖခင်အား လုပ်ကြံခဲ့သည့် ကြေးစားလူသတ်သမားငါးယောက်တွင် ဘီလူးညီနောင်သည်လည်း ပါဝင်နေကြသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းအတွင်း၌ ရောက်ရှိနေကြသော လူသန်ကြီးနှစ်ယောက်မှာ ကြေးစားလူသက်သမား ဘီလူးညီနောင်ပင် ဖြစ်နေသည်လေ။

ရှောင်ကျင်းသည် ထိုလူနှစ်ယောက်ကို ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့က ဘီလူးညီနောင်လား"

ဟု မေးလိုက်လေသည်။

လူသန်ကြီးနှစ်ယောက်အနက် တစ်ယောက်က ...

"ဟုတ်တယ် ... ကျုပ်က ဘီလူးကြီး"

တစ်ဆက်တည်း ကျန်တစ်ယောက်ကလည်း ...

"ကျုပ်က ဘီလူးလေး"

ဟု ပြောလာကြလေသည်။ သူတို့ မျက်စိမျက်နှာပျက်နေကြသည်။

ဘီလူးကြီးက ...

"တောင်ပိုင်းနယ်စားရဲ့လူတွေ လိုက်လာကြပြီ"

"တို့ ပြေးလို့မလွတ်တော့ဘူး"

ရှောင်ကျင်းသည် ဖခင်အား လုပ်ကြံခဲ့သည့် ကြေးစားလူသတ်သမားများအား တွေ့လိုက်ရသောအခါ ဒေါသထွက်သွားလေသည်။



"ခင်ဗျားတို့ တော်တော်ရက်စက်တဲ့လူတွေပဲ"

ဟု ပြောလိုက်၏။

ဘီလူးညီနောင်တို့မှာ ကြောင်အမ်းအမ်းဖြစ် သွားကြလေသည်။

ဘီလူးကြီးက ...

"မင်း ဘာပြောတာလဲ"

"ဘာပြောရမလဲ၊ ချန်အန်းမြို့စားကြီးကို ခင်ဗျားတို့ လုပ်ကြံခဲ့ကြတယ် မဟုတ်လား"

ဘီလူးလေးက ...

"ဟုတ်တယ်လေ၊ ဒီကိစ္စကြောင့် တောင်ပိုင်းနယ်စားက ကျုပ်တို့ကို လိုက်ပြီး ဒုက္ခပေးနေတာပေါ့"

"ချန်အန်းမြို့စားကြီးကို နှုတ်ပိတ်ပစ်ဖို့ သူကပဲ ခင်ဗျားတို့ကို စေခိုင်းခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ"

ရှောင်ကျင်းက ...

"နေပါဦး၊ တောင်ပိုင်းနယ်စားက ချန်အန်းမြို့စားကြီးကို ဘာကြောင့် နှုတ်ပိတ်ပစ်ချင်ရတာလဲဗျ"

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကြီးက ...

"ဘာဖြစ်ရမလဲ ... ရွှေကြိုးကြာမင်းသားနဲ့ပေါင်းပြီး သစ္စာဖောက်ဖို့ တကယ်တမ်းကြိုးစားခဲ့တာက တောင်ပိုင်းနယ်စားပဲ၊ သူ့အကြောင်းကိုစုံစမ်းဖို့ မြို့စားကြီးရှောင်ဖုံးကို ဝမ်လိန်မြို့ကနေပြီး ချန်အန်းမြို့ကို ရွှေ့ပြောင်းပေးလိုက်တာ၊ သက်တော်ရှည်အမတ်ကြီးနဲ့တောင်နန်းစံဒေဝီတို့ဟာ မြို့စားကြီးရှောင်ဖုံးကို လျှို့ဝှက်တာဝန်ပေးလိုက်တာပဲ ...၊

မြို့စားကြီးရှောင်ဖုံးက တောင်ပိုင်းနယ်စားနဲ့ ရွှေကြိုးကြာမင်းသားရဲ့ဆက်သွယ်မှုကို သက်သေအထောက်အထား ရထားတယ်၊ ဒါကြောင့် တောင်ပိုင်းနယ်စားက လက်ဦးအောင် လုပ်ကြံပြီး မြို့စားကြီးရှောင်ဖုံးအပေါ် အပြစ်ပုံချလိုက်တာပဲ"

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

အဖြစ်အပျက်ကား လယ်ပြင်ဆင်သွားသလို ထင်ရှားနေပြီဖြစ်သည်။

သို့သော် ...

တောင်ပိုင်းနယ်စား၏လုပ်ရပ်များကို ဖော်ထုတ်ရန် သက်သေအထောက်အထား လိုနေ၏။

သက်သေအထောက်အထား တင်ပြနိုင်ခြင်းမရှိဘဲ တောင်



ပိုင်းနယ်စားကို အရေးယူ၍ ရမည်မဟုတ်ချေ။

ရှောင်ကျင်းသည် ဘီလူးညီနောင်ကို ငေးကြည့်လိုက်ပြီး ...

"ခင်ဗျားတို့ဟာ တောင်ပိုင်းနယ်စားရဲ့လုပ်ရပ်တွေကို ဘာကြောင့် မဖော်ထုတ်ရတာလဲ"

ဘီလူးကြီးက ...

"ကျုပ်တို့ဟာ နာမည်ပျက်နေတဲ့ ကြေးစားလူသတ်သမားတွေပါ၊ ကျုပ်တို့စကားကို ဘယ်သူက ယုံမှာလဲ"

ဘီလူးလေးက ...

"တောင်ပိုင်းနယ်စားကို မဟုတ်မတရား စွပ်စွဲတယ်ဆိုပြီး ကျုပ်တို့ ပိုအပြစ်ကြီးသွားမှာပေါ့"

ရှောင်ကျင်း ငိုင်သွားလေသည်။

ဘီလူးကြီးက ...

"နေပါဦး ... ဒီကိစ္စတွေဟာ မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ ပြောပါဦး"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"ခင်ဗျားတို့ လုပ်ကြံခဲ့တဲ့ မြို့စားကြီးရှောင်ဖုံးဟာ ကျုပ်ရဲ့အဖေပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ထိုစကားကြားလျှင် ဘီလူးညီနောင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

✳



တည်းခိုခန်းအတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဘီလူးညီနောင်သည် ရှောင်ကျင်းအား မယုံကြည်နိုင်စွာ ကြည့်နေကြလေသည်။

ရှောင်ကျင်းသည် ဖခင်အတွက် လက်တုံ့ပြန်လာမည်ဆိုပါက သူတို့ ဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။

ချင်းလီနှင့်ချင်းချင်းတို့သားအဖလည်း တအံ့တသြ ဖြစ်နေကြသည်။

ရှောင်ကျင်းမှာ ထင်ရှားကျော်ကြားသော မြို့စားကြီးရှောင်ဖုံး၏သားဖြစ်ကြောင်း သိလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

ဘီလူးညီနောင်သည် သူ၏ဖခင်ကို လုပ်ကြံခဲ့ကြသည် မှန်သော်လည်း တောင်ပိုင်းနယ်စား၏အမိန့်ကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်တရားခံမှာ တောင်ပိုင်းနယ်စားဖြစ်နေသည် မဟုတ်ပါလား။

ဘီလူးညီနောင်က အသက်လုကာ ထွက်ပြေးနေရပြီး တောင်ပိုင်းနယ်စားကား သူကောင်းပြုခံထားရလေသည်။

ဘုရင်မင်းမြတ်သည် ရွှေကြိုးကြာမင်းသား၏သစ္စာဖောက်မှုကို ဖော်ထုတ်ပေးသည်ဟုဆိုကာ အထူးပင် ချီးမြှင့်မြှောက်စားခဲ့လေသည်။

ထို့ကြောင့် ...

တောင်ပိုင်းနယ်စား၏သြဇာတိက္ကမ ပိုပြီး ကြီးထွားလာပြီး ထင်ရာစိုင်းနေပြီ ဖြစ်လေသည်။

✳

အဓိကတရားခံအစစ်ဖြစ်သော တောင်ပိုင်းနယ်စား၏ အကြောင်းကို ဖော်ထုတ်ရမည်ဟု ရှောင်ကျင်း နားလည်ထားပေတော့သည်။

ထိုစဉ် ...

"ဘီလူးညီနောင် ... မင်းတို့ အခုထိ ထွက်မလာကြသေးဘူးလား"

အပြင်ဘက်မှ ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ဘီလူးညီနောင်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ဘီလူးကြီးက ...

"အပြင်ဘက်မှာတော့ တောင်ပိုင်းနယ်စားရဲ့ လူတွေရောက်နေကြပြီ ... တို့ ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးလေးက ...

"ဘာလုပ်ရမလဲ ... ရင်ဆိုင်ကြဖို့ပဲ ရှိတာပေါ့၊ ကျုပ်တို့က အဖမ်းခံလို့ရော သူတို့က ချမ်းသာပေးမှာလား"

"ကောင်းပြီ"

ဘီလူးကြီးက သဘောတူလိုက်လေသည်။

သူတို့သည် ...

လက်နက်ကိုယ်စီ စွဲကိုင်လိုက်ကြလေသည်။

ရှောင်ကျင်း သက်ပြင်းချလိုက်လေသည်။

"ခင်ဗျားတို့နှစ်ယောက် ထွက်သွားတာနဲ့ သူတို့က ခင်ဗျားတို့ကို သုတ်သင်ရှင်းလင်းပစ်လိုက်မှာပဲ"

ဟု ပြောလိုက်လေသည်။

ဘီလူးကြီးက ...

"ဘာထူးလို့လဲ၊ မင်းကရော ကျုပ်တို့ကို သုတ်သင်ရှင်းလင်းပစ်ချင်တာပဲ မဟုတ်လား"

ဘီလူးလေးက ...

"ကဲ ... ကျုပ်တို့က မင်းကို အရင်ဆုံး ရင်ဆိုင်ရမှာပဲ"

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ကျင်းက လက်ကာပြလိုက်လေသည်။



"ခဏနေဦး ... ကျုပ်က ခင်ဗျားတို့နဲ့ အပေးအယူ လုပ်မယ် ဆိုရင်ရော"

မမျှော်လင့်သောစကားပင် ဖြစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောစကား ...။

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ဘီလူးညီနောင် အံ့သြသွားကြလေသည်။

ရှောင်ကျင်းကို မယုံကြည်နိုင်စွာ ကြည့်လိုက်ကြပြီး ...

"အပေးအယူလုပ်မယ် ... ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုအပေးအယူ လုပ်မှာလဲ ... ပြောစမ်းပါဦး"

ရှောင်ကျင်းက ...

"ကျုပ်က ခင်ဗျားတို့ လွတ်မြောက်သွားအောင် ကူညီမယ်၊ ခင်ဗျားတို့က တောင်ပိုင်းနယ်စားရဲ့ လုပ်ရပ်တွေကို သက်တော်ရှည် အမတ်ကြီးရှေ့မှာ ထုတ်ဖော်ဝန်ခံကြရလိမ့်မယ်"

ဘီလူးညီနောင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။



ဘီလူးကြီးက ...

"ဘာထူးမှာလဲ ... ကျုပ်တို့ဝန်ခံလိုက်ရင် အပြစ်ပေးခံရမှာပဲ"

ဟု ပြောလိုက်လေသည်။

ဘီလူးလေးက ...

"သက်တော်ရှည်အမတ်ကြီးက ကျုပ်တို့စကားကို ယုံကြည်ပါ့မလား"

ရှောင်ကျင်းက ...

"စိတ်ချ ... ကျုပ်က သက်သေအထောက်အထားကို ရအောင်ရှာမယ်၊ သက်သေအထောက်အထားလည်း ရှိမယ်၊ ခင်ဗျားတို့ကလည်း ဝန်ခံကြမယ်ဆိုရင် တောင်ပိုင်းနယ်စား ဘယ်လိုမှ ငြင်းလို့ မရနိုင်တော့ဘူးပေါ့"

ဘီလူးညီနောင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်လေသည်။

ရှောင်ကျင်းသည် သူတို့နှင့် အပေးအယူလုပ်လာ သည်မှာ စိတ်ဝင်စားစရာကောင်းလှပေသည်။

သူတို့ကသာ ရှောင်ကျင်း၏ကမ်းလှမ်းမှုကို လက်ခံကြမည်ဆိုပါလျှင် တောင်ပိုင်းနယ်စား၏လူများနှင့်သာ ရင်ဆိုင်ရတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ရှောင်ကျင်းက ...

"ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်လေသည်။

ဘီလူးကြီးက ...

"ကျုပ် လက်ခံတယ်"

ဟု ပြောလိုက်လေသည်။

ရှောင်ကျင်းက ...

"ကောင်းပြီ၊ ခင်ဗျားတို့ ဆိုင်အနောက်ဘက်ကနေ ထိုးဖောက်ပြီး ထွက်သွားကြပေတော့၊ ကျုပ်က တောင်ပိုင်းနယ်စားရဲ့ လူတွေကို ရင်ဆိုင်ထားမယ်"

ဘီလူးညီနောင်သည် ရှောင်ကျင်းအား ကျေးဇူးတင်သွားကြလေသည်။

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ကြပြီး ...

"မင်းရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

ဟု ပြောလိုက်လေသည်။

ပြီးလျှင် အနောက်ဘက်သို့ ကတိုက်ကရိုက် ထွက်သွားကြလေသည်။



ရှောင်ကျင်းက ဘီလူးညီနောင် ထွက်သွားသည်ကို တစ်ချက်ကြည့်လိုက်ပြီး တည်းခိုခန်းရှေ့သို့ ထွက်လာခဲ့လေတော့သည်။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com



သူမ

ရှောင်ကျင်းသည် တည်းခိုခန်းအပြင်ဘက်သို့ လှမ်းထွက်လိုက်၏။

တည်းခိုခန်းရှေ့တွင် တောင်ပိုင်းနယ်စား၏လူများ ရောက်ရှိနေကြပါသည်။

မီးတုတ်များ အစီအရီစိုက်ထူထားသဖြင့် မီးရောင်ထိန်ထိန်လင်းကာ နေ့ဘက်နှင့်မခြားအောင် ဖြစ်နေပါသည်။

ရှောင်ကျင်းက တစ်ချက်ဝေ့ကြည့်လိုက်သည်။

တောင်ပိုင်းနယ်စား၏လူများကို ဦးဆောင်လာသူမှာ ကျာပွတ်ရှည်တစ်ချောင်း ကိုင်ဆောင်ထားသော ခေါင်းတုံးကြီးတစ်ယောက် ဖြစ်လေသည်။

ခေါင်းတုံးကြီးသည် ...

ရှောင်ကျင်းထွက်လာသည်ကို တွေ့ရလျှင် မျက်မှောင်ကြုတ်သွားပြီး ...



"ဟေ့ကောင်လေး ... မင်း ဘယ်သူလဲ၊ ဘီလူးညီနောင်ရော ဘယ်မှာလဲ"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"ဘီလူးညီနောင် ဆိုင်အနောက်ဘက်ကနေ ထွက်ပြေးသွားပြီဗျ"

"ဘယ်တုန်းကလဲ"

"ခုနလေးတင်"

"ဘာ"

ထိုစဉ် ...

'ဝုန်း'

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဆိုင်အနောက်ဘက်မှ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

တောင်ပိုင်းနယ်စား၏လူများသည် တည်းခိုခန်းအနောက်ပတ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည် ဝိုင်းရံထားကြသည်ဖြစ်ရာ ဆိုင်အနောက်ဘက်၌ ရှိနေသူများနှင့် ဘီလူးညီနောင်တို့ ထိပ်တိုက်ရင်ဆိုင်မိကြပြီဖြစ်ကြောင်း ထင်ရှားနေတော့သည်။

✳



ထို့ကြောင့် ခေါင်းတုံးကြီးက ...

"မြန်မြန်လာဟေ့"

ဟု အော်ပြောကာ အနောက်ဘက်သို့ ပြေးထွက်သွားလေသည်။

သူ၏လူများလည်း ချက်ချင်း လိုက်သွားကြလေသည်။ ရှောင်ကျင်း ရင်ထိတ်သွားသည်။

"ဘီလူးညီနောင် လွတ်မှလွတ်နိုင်ပါ့မလား"

ဟုတွေးကာ ပြေးလိုက်သွားမိလေသည်။

တည်းခိုခန်း အနောက်ဘက်သို့ ရောက်သွားသောအခါ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်ကို တွေ့လိုက်ရလေသည်။

✳

www.burmeseclassic.com

www.burmeseclassic.com

ဘီလူးညီနောင်အနက် ဘီလူးလေးကို မတွေ့ရတော့ပါ။

ဘီလူးကြီးက တောင်ပိုင်းနယ်စားလူများနှင့် ရင်ဆိုင်တိုက်ခိုက်နေသည်ကို တွေ့ရလေသည်။

အများနှင့်တစ်ယောက် ရင်ဆိုင်နေရသည့်မို့ ဘီလူးကြီးမသက်သာပါချေ။

ဒဏ်ရာများ ရထားပြီး သူ၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်ကို တွေ့ရလေသည်။

ခေါင်းတုံးကြီးက ပြေးလွှားရောက်ရှိသွားသောအခါ ...

"နောက်တစ်ယောက်ရောဟေ့"

ဟု အော်မေးလိုက်လေသည်။

ထိုအခါ ...

"ဘီလူးလေးက ထွက်ပြေးလွတ်မြောက်သွားပြီ"

ခေါင်းတုံးကြီးက ...



"မင်းတို့ တော်တော်အသုံးမကျတဲ့ ကောင်တွေပဲ၊ ဟိုကောင်နောက်ကို လိုက်ကြစမ်း၊ ငါ ဒီကောင့်ကို ဆုံးမလိုက်မယ်"

"ကောင်းပါပြီ ဆရာ"

တောင်ပိုင်းနယ်စား၏လူအချို့သည် အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားကြလေသည်။

✳

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတုံးကြီးက ...

ဘီလူးကြီးနှင့် ရင်ဆိုင်လိုက်လေသည်။

ဘီလူးကြီးသည် သံတင်းပုတ်ကြီးကို ဝှေ့ယမ်းကာ တိုက်ခိုက်နေပါသည်။

သူ၏အနီးသို့ ရောက်ရှိသွားကြသော တောင်ပိုင်းနယ်စား၏လူများမှာ သံတင်းပုတ်ကြီးဖြင့် ထုချခြင်းခံရပြီး ...

'ဝုန်း'

'အား'

"အမယ်လေး"

"သေပါပြီဗျ"

ရှုးရှဲ့ အော်ဟစ်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ထိုစဉ် ...



ခေါင်းတုံးကြီးက ...

"သေပေတော့"

ဟု ကြုံးဝါးကာ သံကြိုးကြီး ဝှေ့ယမ်းပြီး ခုန်ဝင်သွားလေသည်။

'ဗိုး ...'

'ဗိုး ...'

'ဗိုး ...'

သံကြိုးကြီးဝှေ့ယမ်းသံ တဗိုးဗိုးမြည်ကာ ထွက်ပေါ်လာသည်။

မြွေဟောက်တစ်ကောင်ပမာ ဘီလူးကြီးထံသို့ ကိုးဝင်သွားပြီး သံဘုလုံးကြီးကို ရစ်ပတ်ပြီးသား ဖြစ်သွားတော့သည်။

"ယား"

ခေါင်းတုံးကြီးက ဗြာသံပေးကာ ဆောင့်ဆွဲလိုက်လျှင် ...

"ကဲကွာ"

'ဝုန်း'

ဘီလူးကြီး မြေပေါ် ပက်ထိုးလဲကျသွားလေသည်။

ခေါင်းတုံးကြီးက ...

"သေစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ငေါက်ကာ ဘီလူးကြီး၏ကျောပြင်ကို သံကြိုးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...



ထိုစဉ် ...

"ရပ်လိုက်"

ဟန့်တားသံ ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် လျှပ်တစ်ပြက်ခုန်ဝင်လာပြီး ခေါင်းတုံးကြီးအား တိုက်ခိုက်လိုက်လေသည်။

ခေါင်းတုံးကြီး ရင်ထိတ်သွားသည်။ ဘီလူးကြီးအား ဆက်လက်တိုက်ခိုက်ခြင်းမပြုနိုင်တော့ဘဲ ကပျာကယာ နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်လေသည်။

ဝင်ရောက်တိုက်ခိုက်လာသူကိုလည်း မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်လေသည်။

ထိုလူကိုမြင်လျှင် ...

"ဟင် ... မင်း ... မင်း ဆိုင်လုလင်မဟုတ်လား"

ဟု ရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြားဝင်ဟန့်တားတိုက်ခိုက်လာသူမှာ ရှောင်ကျင်း ဖြစ်ပါသည်။

ရှောင်ကျင်းအား ခေါင်းတုံးကြီးတို့လူစုက ဆိုင်လုလင်တစ်ယောက်ဟု ထင်မှတ်ထားကြပါသည်။

ရှောင်ကျင်းက သိုင်းပညာ တတ်မြောက်နေသည်ကို တွေ့ရသောအခါ အံ့သြသွားခြင်းဖြစ်လေသည်။

ရှောင်ကျင်းက ဘီလူးကြီးကို ပွေ့ထူလိုက်၏။

ဘီလူးကြီးမှာ သံကြိုးဖြင့် အရိုက်ခံထားရသဖြင့် နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်။ ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီးပြီ ဖြစ်လေသည်။

ရှောင်ကျင်းက ...

"ခင်ဗျား ... ဘာမှမပူနဲ့၊ ခင်ဗျားကို ကျုပ် ကယ်ထုတ်သွားမယ်"

ဟု ပြောလိုက်သည်။

သူ၏ဖခင်အား လုပ်ကြံရာတွင် ပါဝင်ခဲ့သူတစ်ယောက်အား ကယ်တင်ရမည်ဟု ဘယ်တုန်းကမှ မတွေးဖူးချေ။

ယခုတော့ ...

ဘီလူးကြီးကို ဖြစ်သည့်နည်းနှင့် ကယ်တင်ရတော့မည် ဖြစ်



လေသည်။

ဘီလူးကြီးသည် ရှောင်ကျင်းကို မော့ကြည့်ရင်း ...

"ကျုပ် ... ကျုပ် မနေရတော့ပါဘူး၊ ကျုပ် ... ကျုပ်ညီကိုသာ ဂရုစိုက်ပါ"

ဟု ပြောလာလေသည်။

ရှောင်ကျင်း စိတ်မကောင်းဖြစ်သွားသည်။

ထိုစဉ် ...

"သေဖို့သာပြင်ထား"

ခေါင်းတုံးကြီးသည် ရှောင်ကျင်းထံပြေးဝင်ကာ တိုက်ခိုက်လာလေသည်။

'ဝှီး ... ဝှီး ... ဝှီး ... ဝှီး'

သံကြိုးကြီးဝှေ့ယမ်းသံ တဝှီးဝှီးမြည်ကာ ထွက်ပေါ်လာသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

ဘီလူးကြီး လွှတ်ကျခဲ့သော သံဘုလုံးကြီးကို ဆွဲယူကာ ပြန်လည်ခုခံပေးလိုက်ရလေသည်။

'ခြွမ်း'

သံဘုလုံးကြီးနှင့် သံကြိုးကြီးတို့ ပြင်းထန်စွာ ထိတွေ့မိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။

ခေါင်းတုံးကြီးသည် သံဘုလုံးကြီးကို သံကြိုးဖြင့် ရစ်ပတ်မိသည်နှင့် တအားဆောင့်ဆွဲလိုက်လေသည်။

အမှတ်မထင် ခံလိုက်ရသဖြင့် …

'ဝုန်း'

ရှောင်ကျင်း ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။

ခေါင်းတုံးကြီးက …

"မင်း အခုပဲ ငါ့အကြောင်း သိရမယ်"

ဟု ကြုံးဝါးကာ သံကြိုးကြီးကို ဝှေ့ယမ်းလိုက်ပြန်သည်။

'ဝိုး … ဝိုး … ဝိုး'

သံကြိုးကြီးသည် ရှောင်ကျင်း၏ခန္ဓာကိုယ်အား ရစ်ပတ်မိသွားလေတော့သည်။

'ခြွမ်း'

သူ၏လက်ထဲ ကိုင်ထားသော သံဘုလုံးကြီးသည် လွတ်ကျသွားလေတော့သည်။

"ဟား … ဟား … ဟား"

ခေါင်းတုံးကြီးက ဟားတိုက်ရယ်မောလိုက်လေသည်။

"အခုတော့ မင်း ဘာတတ်နိုင်သေးသလဲ"



ဟုလည်း ပြောလိုက်သည်။

ရှောင်ကျင်းမှာ သံကြိုးကြီးဖြင့် တုပ်နှောင်ခံလိုက်ရသဖြင့် မလှုပ်ရှားနိုင်အောင် ဖြစ်သွားလေသည်။

ခေါင်းတုံးကြီးက လက်ဝှေ့ယမ်းပြလိုက်သည်။

သူ၏လူများသည် လက်နက်ကိုယ်စီဆွဲကိုင်ကာ ပြေးဝင်လာကြလေသည်။

ရှောင်ကျင်းအား ဝိုင်းပြီး အမဲဖျက်ကြတော့မည် ဖြစ်လေသည်။

ရှောင်ကျင်းက အတင်းရုန်းကန်လိုက်သည်။

သို့သော် …

'ဖုစ် … ဖုစ် … ဖုစ်'

လက်နက်ပုန်းကလေးများသည် အမှောင်ထုထဲမှ ပစ်လွှင့်လာ၏။

ထိုလက်နက်ပုန်းများသည် တောင်ဝိုင်းနယ်စား၏လူများအား ထိမှန်သွားလေသည်။

'အား'

"အမယ်လေး"

"သေပါပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဈေးရှုသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။ တောင်ပိုင်းနယ်စား၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

"ဟင်"

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ခေါင်းတုံးကြီး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သို့သော် ချက်ချင်း သတိဝင်လာပြီး ...

"ဘယ်သူလဲ ... ထွက်ခဲ့စမ်း"

ဟု အော်ပြောလိုက်သည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် ...

"ခစ် ... ခစ် ... ခစ်"

ရယ်မောသံတစ်ချက် ထွက်ပေါ်လာ၏။

အမှောင်ရိပ်ထဲမှ ရယ်မောသံတစ်ခု ထွက်ပေါ်လာကာ လူရိပ်တစ်ခု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရိပ်ကိုမြင်လျှင် ...

"ဟင်"

ရှောင်ကျင်း အံ့သြသွားလေသည်။

ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားပြီး ပဝါ



အနက်ကို မျက်နှာတွင် ဖုံးအုပ်ထားသော မိန်းကလေးဖြစ်နေသည် မဟုတ်ပါလား။

တစ်ခါက ...

သူ့အား ခေါ်ဆောင်လာပြီး တည်းခိုခန်းသို့ ပို့ထားခဲ့သော မိန်းကလေး ပြန်လည်ရောက်ရှိလာပြီဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ရက်တရက် ...

မိန်းကလေးသည် အမှောင်ရိပ်ထဲမှ ထွက်လာသည်။

သူမသည် မြေပေါ်ခြေဆောင့်ကာ ခုန်လိုက်သည်နှင့် ရှောင်ကျင်းအနီးသို့ ရောက်ရှိလာသည်။

ရှောင်ကျင်း၏ခန္ဓာကိုယ်ပေါ်၌ ရစ်ပတ်ထားသော သံကြိုးများကို ကျွမ်းကျင်စွာ ဖယ်ရှားပစ်လိုက်လေသည်။

တစ်ဖန် ...

"ရှင် ... ဒဏ်ရာရသေးသလား"

ဟု မေးလာလေသည်။

သူမ၏အသံသည် စိုးရိမ်ပြီး ကရုဏာသက်နေသောအသံမျိုး ဖြစ်လေသည်။

ရှောင်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘာမှမဖြစ်ပါဘူးဗျာ"



မိန်းကလေးက ...

"ဒါဖြင့် ခဏနေဦး ... ဟိုလူတွေကို ကျွန်မ မောင်းထုတ်လိုက်ဦးမယ်"

ဟု ပြောလေသည်။ ပြီးလျှင် ခေါင်းတုံးကြီးဆီသို့ ခုန်ဝင်သွားပြန်သည်။

ခေါင်းတုံးကြီး ရင်ထိတ်သွားလေသည်။

"သေပေတော့"

ဟု အော်ငေါက်ကာ မိန်းကလေးအား ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

သို့သော် ...

မိန်းကလေးသည် တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီး ခေါင်းတုံးကြီးအနီးသို့ ရောက်ရှိသွားလေသည်။ သူမ၏လက် ဝှေ့ယမ်းလိုက်လျှင် ...

'ဖြန်း ... ဖြန်း ... ဖြန်း'

ခေါင်းတုံးကြီးအား ပါးရိုက်ချပြီးသား ဖြစ်သွားလေတော့သည်။

"ဟာ"

ခေါင်းတုံးကြီး အထိတ်တလန့်အော်ကာ နောက်ဆုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မိန်းကလေးက ...

"ရှင်တို့ မြန်မြန်ထွက်သွားရင် ကောင်းမယ်"

ဟု ပြောလိုက်သည်။

ခေါင်းတုံးကြီးသည် မိန်းကလေးအား မကျေမနပ်ကြည့်လိုက်ပြီးလျှင် ...

"မင်း ... မင်း သတ္တိရှိရင် နာမည်ပြောစမ်း"

ဟု ငေါက်လိုက်လေသည်။

မိန်းကလေးက ...

"ကျွန်မနာမည်ကိုကြားရင် ရှင် အခုချက်ချင်း တက်ပြီး သေသွားနိုင်တယ်ရှင့်"

"ဘာ"

"ကောင်းပြီ၊ ရှင် ဒီလောက်တောင် သိချင်နေတယ်ဆိုရင် ပြောပြရသေးတာပေါ့၊ ကျွန်မနာမည် ယင်ကွမ်း။ ပိုးဘီလူးမယ်တော် ယင်ကွမ်းဆိုရင် လူတိုင်းသိကြတယ်ရှင့်"

သူမ၏စကားအဆုံးတွင် ...

"အမယ်လေး"

ခေါင်းတုံးကြီး အထိတ်တလန့် အော်လိုက်သည်။



ထို့နောက် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတုံးကြီးနှင့် တောင်ပိုင်းနယ်စား၏လူများ ထွက်ပြေးသွားကြပြီ ဖြစ်လေသည်။

ရှောင်ကျင်းက ဘီလူးကြီးကို လှမ်းကြည့်လိုက်သည်။

ထိုအခါ ...

ဘီလူးကြီး သေဆုံးနေပြီဖြစ်သည်ကို တွေ့လိုက်ရလေသည်။

ရှောင်ကျင်း သက်ပြင်းချလိုက်မိသည်။

လူဆိုးလူ မိုက်တစ်ယောက် မရှုမလှ သေဆုံးသွားခဲ့ရပြီ မဟုတ်ပါလား။

ထိုစဉ် မိန်းကလေး၏အသံ ထွက်ပေါ်လာလေသည်။

"ဘာလဲ ... ရှင်က သူ့အတွက် စိတ်မကောင်းဖြစ်နေတာလား"

ရှောင်ကျင်းက ...



"မဟုတ်ပါဘူးဗျာ၊ သူဟာ လူဆိုးလူမိုက်တစ်ယောက်ပါ၊ မကောင်းမှုပြုလုပ်ခဲ့သူဟာ တစ်နေ့ ဒီလိုပဲ ဇာတ်သိမ်းရမယ်ဆိုတာ တွေးမိလို့ပါ"

မိန်းကလေးက ...

"သူဟာ ရှင့်အဖေကို ဝိုင်းပြီးလုပ်ကြံခဲ့တဲ့ ကြေးစားငါးယောက်ထဲမှာ ပါဝင်ခဲ့တယ်ဆိုတာရော ရှိသိသလား"

ရှောင်ကျင်း ခေါင်းညိတ်လိုက်သည်။

"သိပါတယ်ဗျာ"

မိန်းကလေးက ...

"ဒါနဲ့များ ရှင်က သူ့ကို ကယ်တင်ဖို့ ကြိုးစားခဲ့သေးတယ်နော်"

ရှောင်ကျင်းက ...

"သူဟာ လူသတ်သမားတစ်ယောက် ဖြစ်ခဲ့တာမှန်ပါတယ်၊ ဒါပေမဲ့ အရေးကြီးတဲ့ သက်သေတစ်ယောက်လည်း ဖြစ်နေပါတယ်ဗျာ"

မိန်းကလေးက ...

"ကျွန်မကတော့ သူ့ကို အရေးကြီးတယ်လို့ မထင်ဘူး"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တမ်း အရေးကြီးတာက ရှင်ပဲ"

"ကျုပ်"

"ဟုတ်တယ်"

ရှောင်ကျင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

မိန်းက လေးက ...

"တကယ်တမ်း အရေးကြီးတာက ရှင်ပါ၊ ရှင်သာ သေသွားမယ်ဆိုရင် တောင်ပိုင်းနယ်စား သိပ်ကိုဝမ်းသာသွားမှာပဲ၊ သူ့ရဲ့အကြောင်း ဖော်ထုတ်မယ့်သူ မရှိတော့ဘူးပေါ့"

ရှောင်ကျင်း အံကြိတ်လိုက်သည်။

"ကျုပ်က သူ့ရဲ့မကောင်းမှုတွေကို ဖော်ထုတ်သွားမှာပါ"

မိန်းကလေးက ...

"တောင်ပိုင်းနယ်စားကို ရှင်ရင်ဆိုင်ချင်တယ်ဆိုရင် ရှင်အသက်ရှင်နေမှဖြစ်မယ်၊ ရှင့်ရဲ့ရောဂါဝေဒနာတွေရော သက်သာပျောက်ကင်းသွားပြီလား"

"ကျုပ်"

ရှောင်ကျင်းသည် ခွန်အားများ ကုန်ခန်းပျောက်ကွယ်နေသည်ကို တွေးမိလိုက်သဖြင့် မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွားသည်။



မိန်းကလေးက ...

"ရှင်ဟာ ပြင်ပဒဏ်ရာတွေအပြင် အတွင်းဒဏ်ရာ ရထားတယ်၊ ပြီးတော့ ထိကျင်းရဲ့အဆိပ်လည်း မိထားတယ်၊ ရှင့်ဝေဒနာတွေ ရှင်းရှင်းပျောက်သွားဖို့ကို ဘယ်သမားတော်ကမှ ကုသပေးနိုင်မှာ မဟုတ်ဘူး"

ထိုစကားကြားလျှင် ရှောင်ကျင်း စိတ်ဓာတ်ကျသွားလေသည်။

အဆိပ်မိထားကြောင်း သူ့အား ဆေးကုပေးခဲ့သော သမားတော်ကြီးကလည်း ပြောခဲ့ပါသည်။

အဆိပ်ဝေဒနာကို သက်သာ ပျောက်ကင်းအောင် ကုသခြင်း မပြုနိုင်ပါလျှင် ...

မိန်းကလေးက ...

"ရှင် စိုးရိမ်သွားသလား၊ မပူပါနဲ့ရှင်၊ ကျွန်မက ရှင့်ရဲ့ ဝေဒနာတွေရော အဆိပ်တွေပါ ပျောက်ကင်းသွားမယ့်အပြင် အတွင်းအား တိုးတက်စေမယ့်ဆေး ယူလာပါတယ်"

"ဗျာ"

"ရှင့်အတွက် အကောင်းဆုံးဆေးရအောင် လိုက်ရှာနေလို့ ကျွန်မ အခုမှ ရောက်လာနိုင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဆေးပုလင်းလေးတစ်လုံး ထုတ်ယူလိုက်လေသည်။

ရှောင်ကျင်း ငေးကြည့်နေ၏။

ဆေးပုလင်းထဲ၌ ရွှေရောင်ဆေးလုံးလေးတစ်လုံး ရှိနေပါသည်။

မိန်းကလေးက ...

"ဟောဒီဆေးလုံးလေးကို သောက်လိုက်ပါ"

ဟု ပြောလေသည်။

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

မိန်းကလေးသည် သူ့အပေါ် စေတနာထားကာ ကူညီနေသည်ဖြစ်ကြောင်း နားလည်မိလေသည်။

ထို့ကြောင့် ...

"ကျေးဇူးပါပဲဗျာ"

ဟု ပြောကာ ဆေးလုံးလေးကိုယူပြီး သောက်လိုက်သည်။

ရွှေရောင်ဆေးလုံးလေး ဗိုက်ထဲရောက်သွားသည်နှင့် တစ်ကိုယ်လုံး ပူလောင်လာပြီး ဦးခေါင်းထဲ မူးနောက်ရီဝေလာလေသည်။

ရှောင်ကျင်းသည် မိန်းကလေးကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီးလျှင် ...



"မင်း"

သူ့စကားဆုံးအောင် မပြောနိုင်ပါ။

ခြေလက်များ ပျော့ခွေသွားပြီး မြေပေါ် ဘုန်းခနဲ လဲကျသွားလေတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## ဆေးသူခိုး

အချိန်မည်မျှကြာသွားမှန်း မသိ။

"အား"

ရှောင်ကျင်းက ညည်းတွားရင်း လန့်နိုးလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ၏အခန်းတွင်း၌ ပြန်လည်ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ရှောင်ကျင်းသည် ခုတင်ပေါ်မှ လူးလဲထလိုက်လေသည်။

ထိုစဉ် ...

"အစ်ကို မထနဲ့ဦးလေ"

ချိုလွင်သောစကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း ကြည့်လိုက်သောအခါ သူ့အား စိုးရိမ်ပူပန်စွာကြည့်နေသော ချင်းချင်းကို တွေ့လိုက်ရလေသည်။

ရှောင်ကျင်းက ...



"ညီမ ကျူပ်"

"အစ်ကို သတိမေ့နေတာ ငါးရက်တောင်ရှိပြီ"

"ငါးရက်"

"ဟုတ်တယ်၊ လူဆိုးတွေနဲ့ တိုက်ပွဲဖြစ်ပြီးတဲ့ညကစပြီး မေ့မြောသွားတာ"

"ကျူပ်"

ရှောင်ကျင်းသည် ထူးဆန်းသောမိန်းကလေးထံမှ ရွှေဆေးလုံးသောက်ခဲ့ရသည့်အဖြစ်ကို ပြန်လည်သတိရလာလေသည်။

ဆေးလုံးသောက်ပြီးသည်နှင့် သတိလစ်သွားခဲ့ရသည် မဟုတ်ပါလား။

ချင်းချင်းက ...

"အစ်ကို ဘယ်လိုနေသေးသလဲဟင်"

ဟု မေးလာလေသည်။

ရှောင်ကျင်းသည် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့်လိုက်ပြီး...

"ကျူပ် ဘာမှမဖြစ်တော့ပါဘူး"

"တော်ပါသေးရဲ့ရှင်"

ချင်းချင်း သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ...

"ဒါထက် ဟိုဇာပဝါနက်နဲ့ မိန်းကလေးရော၊ သူ့ကိုယ်သူ မိုးဘီလူးမယ်တော်ယင်ကွမ်းလို့ ပြောတယ်လေ"

ဟု မေးလိုက်လေသည်။

ချင်းချင်းက ...

"သူက အစ်ကို့ကို ဂရုစိုက်ပါ၊ ငါးရက်မြောက်နေ့ကျရင် သတိရလာလိမ့်မယ်၊ နောက်မှ သူ လာတွေ့မယ်လို့ပြောပြီး ထွက်သွားပါတယ်"

"ထွက်သွားတယ်"

"ဟုတ်တယ်"

"ဘယ်ကိုထွက်သွားတာလဲ"

ချင်းချင်း ခေါင်းခါယမ်းလိုက်လေသည်။

"ဒါတော့ ကျွန်မလည်း မသိပါဘူးရှင်"

ရှောင်ကျင်းက ...

"သူထွက်သွားပြီးကတည်းက အခုထိ ပြန်ရောက်မလာသေးဘူး ဟုတ်လား"

"ဟုတ်ပါတယ်"

ရှောင်ကျင်းသည် မိုးဘီလူးမယ်တော် ယင်ကွမ်းဆိုသည့်



မိန်းကလေးအား တွေ့လိုလာသည်။

"သူ ဘယ်တော့ပြန်လာမယ်လို့ ပြောသွားသေးသလဲ"

ဟု မေးလိုက်သည်။

ချင်းချင်းက ...

"ဒါတော့ ပြောမသွားပါဘူး"

ရှောင်ကျင်း စိတ်ပျက်သွားလေသည်။

ထိုမိန်းကလေးမှာ ထူးခြားလှသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

ချင်းချင်းက ...

"အစ်ကိုဟာ တောင်ပိုင်းနယ်စားကြီး အလိုရှိနေတဲ့ လူတစ်ယောက်ဆိုတာ ဟုတ်သလားဟင်"

ဟု မေးလာလေသည်။

ရှောင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ညီမရယ်"

ချင်းချင်း မျက်နှာလေးညှိုးသွားသည်။

"ခက်တာပဲရှင်"

ထိုစဉ် ...

ခြေသံများ ထွက်ပေါ်လာပြီး ချင်းချင်း၏ဖခင် ချင်းလီက အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

"ဖေဖေ ... အစ်ကို သတိရနေပြီ"

ချင်းချင်းက ဝမ်းသာအားရ ပြောလိုက်လေသည်။



ချင်းလီက ခေါင်းညိတ်လိုက်သည်။

သူ၏မျက်နှာတွင် ဝမ်းသာသည့် အရိပ်အယောင်မရှိဘဲ စိုးရိမ်ပူပန်သည့်အသွင် ရှိနေသည်။

ရှောင်ကျင်းကို ကြည့်လိုက်ပြီး ...

"မင်း နေကောင်းသွားပြီလား"

ဟု မေးလိုက်သည်။

ရှောင်ကျင်းက ...

"ဟုတ်ကဲ့ ... နေကောင်းသွားပါပြီ"

ချင်းလီက ...

"အင်း ... မင်းကို ပြောရမှာတော့ အားနာပါတယ်ကွယ်၊ မင်း နေကောင်းသွားပြီဆိုရင်တော့ ဒီက ထွက်သွားပါတော့"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရလျှင် ရှောင်ကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ဖေဖေ"

ချင်းချင်းက လွှတ်ခနဲ ခေါ်လိုက်လေသည်။

ချင်းလီက လက် ကာပြလိုက်ပြီး ရှောင်ကျင်းကိုကြည့်ကာ...

"မင်း ဒီက ထွက်သွားတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်”

ဟု ပြောလေသည်။

ရှောင်ကျင်းသည် အခြေအနေကို သဘောပေါက်သွားလေသည်။

သက်ပြင်းချရင်း ...

“ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် သွားပါတော့မယ်”

ဟု ပြောလိုက်သည်။

ချင်းလီက ...

“ကျုပ်ကို စိတ်မဆိုးပါနဲ့ကွယ်၊ တော်ကြာ ကျုပ်တို့သားအဖကို တောင်ပိုင်းနယ်စားရဲ့လူတွေလာပြီး ရန်ရှာမှာကိုစိုးရိမ်လို့ပါ၊ ကျုပ်တို့ဟာ ...”

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ချင်းလီက ...

“ကျုပ်က မင်းရဲ့အခက်အခဲဒုက္ခကို နားလည်ပါတယ်၊ မင်းကို ကူညီချင်ပါတယ်၊ ဒါပေမဲ့ ...”

ရှောင်ကျင်းက ချင်းချင်းကိုကြည့်ကာ ...

“ကျုပ်ကိုကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို သွားခွင့်ပြုပါဦး”



ဟု ပြောလိုက်လေသည်။

ချင်းချင်းက ...

“အစ်ကို ကျွန်မတို့ဆီ လာလည်နိုင်ပါတယ်နော်”

ဟု ပြောလေသည်။

ရှောင်ကျင်းက ပြုံးလိုက်သည်။

“ကျုပ်လာခဲ့ပါ့မယ် ညီမရယ်”

မည်သို့ဆိုစေ ... .

သူက ချင်းချင်းတို့ထံသို့ ပြန်လာနိုင်တော့မည် မဟုတ်ကြောင်း နားလည်ထားလေသည်။

သူ၏အသက်ရှင်သန်နိုင်အောင်ပင် မနည်းကြိုးစားရုန်းကန်ရဦးမည် မဟုတ်ပါလား။

ရှောင်ကျင်းသည် ချင်းချင်းကိုကြည့်ရင်း ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သို့သော် ...

သူက ကြီးလေးသောတာဝန်ကို ထမ်းဆောင်ရဦးမည်ဖြစ်ရာ ချင်းချင်းကို မေ့ပစ်ရမည်သာဖြစ်လေသည်။

သူနှင့်ပတ်သက်သူဆိုလျှင် ချင်းချင်းပင် ဒုက္ခရောက်သွားနိုင်သေးသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် တည်းခိုခန်းအောက်ထပ်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

*



တည်းခိုခန်းအောက်ထပ်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာ၏။

ချင်းလီ ကပျာကယာ ပြေးဆင်းသွားလေသည်။

ရှောင်ကျင်းနှင့်ချင်းချင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ချင်းချင်းက ...

"တစ်ယောက်ယောက်က လာပြီး နှောင့်ယှက်နေကြပြန်ပြီ ထင်ပါတယ်"

ဟု ညည်းတွားလိုက်လေသည်။ ရှောင်ကျင်းက ...

"ကျုပ်အတွက် ဖြစ်ရတယ်ဆိုရင် စိတ်မကောင်းပါဘူး ... ကျုပ်ကိုယ်တိုင် ဖြေရှင်းပေးပါ့မယ်"

ဟု ပြောကာ အခန်းတွင်းမှ လှမ်းထွက်သွားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းချင်းလည်း လိုက်လာသည်။

နှစ်ယောက်သား တည်းခိုခန်းအောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ်သို့ရောက်လျှင် ဆိုင်လုလင်များနှင့် အချေအတင်ဖြစ်နေသော အဘွားအိုတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုအဘွားအိုမှာ ခရမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

သူမ၏လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထားသည်။

ချမ်းသာကြွယ်ဝပြီး မာန်မာနကြီးသူဖြစ်ပုံရလေသည်။

ချင်းလီက ကြားဝင်ဖြေရှင်းပေးနေသည်ကို တွေ့ရ၏။

သို့သော် ...

အဘွားအိုသည် ရှင်းပြသည်ကို လက်မခံဘဲ ဒေါသတကြီးဖြစ်နေ၏။

"မင်းတို့လိမ်နေကြတာ ... သူခိုးမလေး ဒီမှာပဲရှိရမယ်"

ချင်းလီက ...

"ကျုပ်ရဲ့တည်းခိုခန်းမှာ တည်းခိုသူတစ်ယောက်မှမရှိတော့



ပါဘူးဗျာ၊ အားလုံး ထွက်သွားကြပြီ၊ ဒေါ်ဒေါ်ပြောတဲ့ သူခိုးမလေးဆိုတာကိုလည်း မသိပါဘူး"

အဘွားအိုက ...

"ဘာမသိရမှာလဲ ... မင်းတို့လိမ်နေကြတာ ငါ မသိဘူးများ ထင်နေသလား၊ သူက ဒီတည်းခိုခန်းဘက်ကို ပြေးလာတယ်ဆိုတာ ငါ သတင်းရပြီးပြီ"

ချင်းလီက ...

"ဒေါ်ဒေါ်ပြောတာကို ကျုပ် ဘယ်လိုမှ နားမလည်နိုင်တော့ပါဘူးဗျာ၊ မယုံရင် ရှာကြည့်နိုင်ပါတယ်"

အဘွားအိုက ...

"ရှာမယ် ... ငါက မြေလှန်ရှာရမှာပဲ၊ ငွေဆေးလုံး ခိုးယူသွားတာ ငါ ဘယ်တော့မှ မကျေနပ်ဘူး"

ပြောပြောဆိုဆို စားပွဲကို တဖြန်းဖြန်းမြည်အောင် ပုတ်လိုက်လေသည်။

ချင်းလီ မည်သို့ပြောရမှန်း မသိရတော့ပေ။

⁂

www.burmeseclassic.com

www.burmeseclassic.com

ရှောင်ကျင်းနှင့်ချင်းချင်းတို့လည်း နောက်ကရောက်လာကြပြီ ဖြစ်လေသည်။

သူတို့သည် အဘွားအိုနှင့်ချင်းလီတို့၏ပြောစကားများကို ကြားလိုက်လျှင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

ချင်းချင်းက ...

"အစ်ကိုနဲ့မဆိုင်ပါဘူး"

ဟု တီးတိုးပြောလာလေသည်။

ရှောင်ကျင်းက ...

"ဟုတ်တယ် ... ကျုပ်ကို လာရှာတာ မဟုတ်ဘူး၊ ဒါပေမဲ့ သူပြောနေတာက ..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်လိုက်လေသည်။

ချင်းချင်းက ...

"အစ်ကို ... ဆေးသူခိုးမိန်းကလေးလို့ ပြောတယ်၊ အဲဒါ



ဟိုညကရောက်လာတဲ့ ဓာပဝါနက်နဲ့ မမကို ပြောတာများ ဖြစ်နေသလားဟင်"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"မပြောတတ်ဘူး"

သူက ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

အဘွားအိုသည် ပိုပြီး ဒေါသထွက်လာပုံရှိသည်။

စားပွဲကုလားထိုင်များကို ကန်ကျောက်ပစ်လိုက်လေသည်။

ချင်းလီနှင့်ဆိုင် လုလင်များ ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

ရှောင်ကျင်း မနေနိုင်တော့ပါ။

ချင်းလီတို့သားအဖအား ကာကွယ်ရန် တာဝန်ရှိသည်ဟု ယူဆထားသည့်အလျောက် ...

"ခဏနေပါဦးဗျာ"

ဟု ပြောကာ အဘွားအိုနှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

အဘွားအိုက ရှောင်ကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ...



"မင်းရော ဘာပြောချင်သလဲ"

ဟု မေးလာလေသည်။

ရှောင်ကျင်းက တည်ကြည်သောမျက်နှာနှင့် မျက်နှာချင်းဆိုင်ကာ ...

"ဘွားဘွား ... ဘယ်သူ့ကို လိုက်ရှာနေတာလဲ ခင်ဗျာ"

ဟု ပြန်မေးလိုက်လေသည်။

အဘွားအိုက ...

"ငါက ... ဟိုဆေးဘူးသူခိုးမကို လိုက်ရှာနေတာ"

ရှောင်ကျင်းက ...

"ဒီတည်းခိုခန်းမှာတော့ မရှိပါဘူး ခင်ဗျာ"

"လာပြန်ပြီတစ်ယောက်"

"တကယ်ပြောတာပါခင်ဗျာ၊ ဘွားဘွားမယုံရင် လိုက်ရှာကြည့်နိုင်ပါတယ်"

အဘွားအိုက ...

"စိတ်ချ ... ငါလိုက်ရှာမယ်၊ မတွေ့လို့ကတော့ ဒီတည်းခိုခန်းကို မီးရှို့ပစ်မယ်"

ရှောင်ကျင်းက ...

"ကျွန်တော် တစ်ခုပြောပါရစေ ... ဒီတည်းခိုခန်းဟာ ချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးရဲ့ အရုပ်အရှင်းကိစ္စတွေနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ဘွားဘွား သိထားစေချင်တယ်”

အဘွားအိုက ...

“ဘာပြောတယ်”

ရှောင်ကျင်းက ...

“ဒီတည်းခိုခန်းကိုတော့ မနှောင့်ယှက်စေချင်ပါဘူး”

အဘွားအိုက ...

“ငါလိုက်ရှာနေတဲ့လူကို မတွေ့ရင်တော့ ငါက ချမ်းသာမ ပေးနိုင်ဘူး”

ရှောင်ကျင်းက ...

“ဘွားဘွားက ဘယ်သူ့ကိုလိုက်ရှာနေတာလဲ ... ပြောပါဦး”

ဟု ထပ်မေးလိုက်လေသည်။

အဘွားအိုက ...

“ငါက ဆေးသူခိုးမလေးကို လိုက်ရှာနေတာပါလို့ ဘယ်နှခါ ပြောရမလဲ”

ရှောင်ကျင်းက ...

“အဲဒီ ဆေးသူခိုးမလေးဟာ ဘယ်သူလဲဆိုတာ ပြောပြပါဦး ခင်ဗျာ”

အဘွားအို မကျေမနပ် ဖြစ်သွားလေသည်။

“မင်း တော်တော်အမေးအမြန်းထူပါလား၊ ငါ့ဆီက ရွှေဆေး ကို ခိုးသွားတဲ့ သူခိုးမလေးပေါ့”

ရှောင်ကျင်း ရင်ထိတ်သွားပြီး ...

“သူဟာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထားပြီး မျက်နှာ ကို ဇာပဝါနဲ့ ဖုံးအုပ်ထားတယ်မဟုတ်လား”

အဘွားအို မျက်လုံးပြူးသွားပြီး ...

“ဟုတ်တယ် ဟုတ်တယ်၊ သူ ဘယ်မှာလဲ ... ပြောစမ်း”

ဟု အလောတကြီး မေးလာလေသည်။

ရှောင်ကျင်းက ...

“သူက ဒီနေရာကိုရောက်လာတာ မှန်ပါတယ်၊ ဒါပေမဲ့ အခု မရှိတော့ပါဘူး၊ ထွက်သွားပါပြီ ခင်ဗျာ”

အဘွားအိုက ...

“ထွက်သွားပြီ ... ဟုတ်လား”

“ဟုတ်ပါတယ်”

“ဘယ်ကိုထွက်သွားတာလဲ”

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကျွန်တော်လည်း မသိပါဘူး"

"မင်း မလိမ်နဲ့"

အဘွားအိုသည် ချက်ချင်းပင် ရှေ့တိုးလာပြီး ရှောင်ကျင်း၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်၏။

သူမ၏လှုပ်ရှားမှုသည် လျှပ်ပြက်သလို လျင်မြန်နေပါတော့သည်။

ရှောင်ကျင်း အငိုက်မိသွားလေသည်။

အဘွားအိုသည် ရှောင်ကျင်း၏လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ ...

"သူ ဘယ်မှာလဲ ... ပြောစမ်း"

ဟု မေးလေသည်။

ရှောင်ကျင်းက ...

"ကျွန်တော် မသိပါဘူးခင်ဗျာ"

အဘွားအိုက ...

"မင်း သေချင်ပြီထင်တယ်"

ဟု ကြုံးဝါးလိုက်သည်။

သူမ တစ်စုံတစ်ခုပြုလုပ်တော့မည်ဖြစ်ကြောင်း ရှောင်ကျင်း ရိပ်မိပြီး သတိထားနေလိုက်၏။



ထိုစဉ် ...

"မိုးဘီလူးမယ်တော် ... မင်း ဘယ်မှာလဲ"

အဝေးမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အဘွားအို မျက်နှာပျက်သွားလေသည်။

သူမသည် နှာခေါင်းရှုံ့လိုက်ပြီး ...

"မကောင်းဆိုးဝါးကြီး ငါ့နောက်လိုက်လာတာ မြန်လိုက်တာ"

ဟု ရေရွတ်လိုက်လေသည်။

ရှောင်ကျင်း၏လက်ကိုလွှတ်ကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။

ချက်ချင်းပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

❊

www.burmeseclassic.com

www.burmeseclassic.com

အဘွားအို ထွက်သွားပြီဖြစ်လေသည်။

မရေးမနှောင်းမှာပင် လေပြင်းတစ်ချက် တိုက်ခတ်လာပြီး လူတစ်ယောက်က တည်းခိုခန်းထဲသို့ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ရောက်လာပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထိုအဘိုးအိုမှာ အလွန့်အလွန်ပုသော အဘိုးအိုတစ်ယောက်ဖြစ်သည်။

ထူးခြားသည်မှာ ...

သူ၏ရင်ဘတ်ထိအောင် ရှည်လျားသော မုတ်ဆိတ်ဖြူများဖြစ်လေသည်။

အဘိုးအိုသည် တည်းခိုခန်းအတွင်းသို့ ရောက်လာသည်နှင့်



"မိုးဘီလူးမယ်တော် ယင်ကွမ်း ... မင်း အခု ဘယ်မှာလဲ ... ပြောစမ်း"

ဟု မေးလိုက်လေသည်။

ရှောင်ကျင်းက ဦးညွှတ်လိုက်ပြီး ...

"ခရမ်းရောင်ဝတ်ထားတဲ့ အဘွားအိုကို မေးတာလား ခင်ဗျာ"

အဘိုးအိုက ...

"ဟုတ်တယ် ... သူ ဘယ်မှာလဲ"

"သူက ဦးရဲ့အသံကို ကြားတာနဲ့ ချက်ချင်းထွက်ပြေးသွားပါတယ်"

"ဘယ်ကိုပြေးတာလဲ"

ရှောင်ကျင်းက ...

"ဟောဒီပြတင်းပေါက်ကနေ ခုန်ချပြီး ထွက်ပြေးသွားတာပါ"

ရှောင်ကျင်းက အဘွားအို ခုန်ထွက်ကာ ပြေးသွားသော ပြတင်းပေါက်ကို ညွှန်ပြကာ ပြောလိုက်လေသည်။

ထိုအခါ ...

"ကောင်းပြီ ... ကျုပ် လိုက်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားပြီး ပျောက်သွားလေတော့သည်။

❋ ❋ ❋



## အကျဉ်းသား

ခရမ်းရောင်ဝတ်ထားသော အဘွားအိုသည်လည်းကောင်း၊ လူပုအဘိုးအိုသည်လည်းကောင်း အသီးသီး ထွက်သွားကြပြီဖြစ်လေသည်။

ရှောင်ကျင်း သက်ပြင်းချလိုက်လေသည်။

ချက်ချင်းကိုကြည့်ကာ ...

"ကျုပ် ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး၊ ကျုပ် သွားတော့မယ်"

ဟု ပြောလိုက်သည်။

မှန်ပေသည် ...။

ရှောင်ကျင်းရောက်လာပြီးမှ ချင်းမိသားစုတည်းခိုခန်းသို့ သိုင်းလောကသားများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည် မဟုတ်ပါလား။

ချင်းလီက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မင်း သွားမှဖြစ်မယ်"

ဟု ချက်ချင်း ပြောလာလေသည်။

ရှောင်ကျင်းက ထွက်သွားရန် ဟန်ပြင်လိုက်၏။

သူက ဇာပဝါနှင့်မိန်းကလေးအား လိုက်လံရှာရန် ဆုံးဖြတ်ထားလေသည်။

ထိုမိန်းကလေးသည် သူမကိုယ်သူမ မိုးဘီလူးမယ်တော်ယင်ကွမ်းဟု ပြောခဲ့သည်။

ခရမ်းရောင်ဝတ်ထားသော အဘွားအိုကလည်း သူ့ကိုယ်သူ မိုးဘီလူးမယ်တော်ယင်ကွမ်းဟု ပြောခဲ့သည်။

အဘွားအိုပြောသည်မှာအမှန်ဖြစ်ပြီး ဇာပဝါနက်နှင့် မိန်းကလေးက လိမ်ပြောခဲ့ခြင်းဖြစ်ကြောင်း ရှောင်ကျင်း သဘောပေါက်ထားလေသည်။

ထိုမိန်းကလေး မည်သူနည်း ...။

✳



ရှောင်ကျင်းသည် ...

ထိုမိန်းကလေးမှာ မည်သူမည်ဝါဖြစ်ကြောင်း သိလိုလာသည်။

သူသောက်ခဲ့ရသော ရွှေရောင်ဆေးလုံးလေးသည်လည်း သူမက ခိုးယူလာခဲ့ခြင်းဖြစ်ရမည်ဟု နားလည်မိလေသည်။

အခြေအနေကား ...

ပိုပြီးရှုပ်ထွေးလာသည်။

ထိုမိန်းကလေးနှင့်တွေ့မှ ပြဿနာအားလုံး ဖြေရှင်းနိုင်မည်ဟုလည်း ယုံကြည်လာသည်။

ရှောင်ကျင်းသည် ချင်းချင်းကို နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

"မင်း ဘယ်ပြေးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ငေါက်သံနှင့်အတူ ခရမ်းရောင်ဝတ်ထားသော အဘွားအိုသည် တည်းခိုခန်းထဲသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

ရှောင်ကျင်း ခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။ အဘွားအိုသည် ရှောင်ကျင်းရှေ့သို့ရောက်လာပြီး ...

"ဟိုကောင်မလေး ဘယ်မှာလဲ"

ဟု မေးလာလေသည်။

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မသိဘူး"

အဘွားအိုက ...

"မင်း သိကိုသိရမယ်၊ လာ ... ငါ့နောက်လိုက်ခဲ့"

စကားဆုံးလျှင် ရှောင်ကျင်း၏သွေးကြောတစ်နေရာကို ထိုးပိတ်လိုက်လေသည်။

မမျှော်လင့်ဘဲခံလိုက်ရသဖြင့် ရှောင်ကျင်း မရှောင်နိုင်တော့ဘဲ သွေးကြောပိတ်ခံလိုက်ရလေတော့သည်။

✳

အဘွားအိုက ဟိုဟိုသည်သည် ကြည့်လိုက်၏။

သူမအား လိုက်လံရှာဖွေနေသည့် လူပုအဘိုးအိုကြောင့် ကျီလန့်စာစား ဖြစ်နေဟန်ရှိလေသည်။

ရှောင်ကျင်းအား ပခုံးပေါ် ထမ်းလိုက်သည်။

ထို့နောက် ...

တည်းခိုခန်းအပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

ချင်းချင်းက ...

"အစ်ကို့ကို ခေါ်မသွားပါနဲ့"

စိုးရိမ်တကြီး ဟန့်တားလိုက်သည်။

"သမ်း"

ချင်းလီကလည်း သူမကို ဟန့်တားလိုက်လေသည်။

ချင်းချင်းသည် အဘွားအိုနောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်ပြီးမှ ခြေလှမ်းရပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုသည် ရှောင်ကျင်းအားခေါ်ကာ ထွက်သွားပြီး တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

※



လေငွေ့ယမ်း တိုက်ခတ်လာသည်။

ရော်ရွက်များ တဖြုတ်ဖြုတ်ကြွေကျလာသည်။

လှပသော တောင်ကုန်းလေးတစ်ခုပေါ်သို့ ရောက်ရှိလာသောအခါ အဘွားအိုက ခြေလှမ်းရပ်လိုက်သည်။

ရှောင်ကျင်းအား ကျောက်တုံးကျောက်ခဲများကြား၌ ချလိုက်သည်။

ရှောင်ကျင်းသည် သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်မယှက်ဖြစ်နေ၏။

အဘွားအိုသည် ရှောင်ကျင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"ကဲ ... ပြောစမ်း၊ ဆေးသူခိုးမလေး ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

ရှောင်ကျင်းမှာ သွေးကြောပိတ်ခံထားရသော်လည်း စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်သေးသည်။

"ကျွန်တော် တကယ်မသိပါဘူးဗျာ"

ဟု ပြောလိုက်လေသည်။

အဘွားအို ဒေါပွသွားသည်။

"မင်း သေချင်ပြီထင်တယ်"

ဟု ငေါက်ကာ ပါးရိုက်ချလိုက်လေသည်။

'ဖြန်း'

ရှောင်ကျင်း၏ပါးပြင် ရဲရဲနီသွားလေသည်။

အဘွားအိုက ...

"ဟိုဆေးသူခိုးမလေး ဘယ်မှာလဲ"

ဟု မေးပြန်သည်။

ရှောင်ကျင်းလည်း ဒေါပွသွားသည်။

"ကျုပ် မသိဘူးလို့ ဘယ်နှခါပြောရမလဲ"

အဘွားအိုက ...

"မင်း သိကိုသိရမယ်"

"ကျုပ် မသိဘူးဗျ"

"ကောင်းပြီ၊ မင်း ဘယ်လောက် ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့"



အဘွားအိုသည် အပ်တစ်ချောင်းကို ထုတ်ယူလိုက်လေသည်။

ထိုအပ်သည် သုံးလက်မခန့် အရှည်ရှိပြီး ခရမ်းရောင် တဖိတ်ဖိတ်တောက်ပနေလေသည်။

အဘွားအိုသည် ရှောင်ကျင်း၏ရှေ့တွင် ဝှေ့ယမ်းပြလိုက်ပြီး

"မင်းက အမှန်အတိုင်း ပြောမလား၊ အနှိပ်စက်ခံမလား၊ ကြိုက်တဲ့လမ်းကို ရွေးပေတော့"

ဟု ခြိမ်းခြောက်လိုက်လေသည်။

ရှောင်ကျင်းက ...

"ကျုပ်မှမသိတာ၊ ကျုပ် ဘယ်လိုပြောရမှာလဲ"

အဘွားအိုက ...

"အေးလေ ... ငါ့ရဲ့ မိုးဘီလူးအဆိပ်အပ်နဲ့ ထိုးချခံလိုက်ရရင် မင်းရဲ့ရင်ထဲကစကားတွေ အမှန်အတိုင်း ဖွင့်ဟထွက်လာရမှာပေါ့၊ ကဲ ... စောင့်ကြည့်ပေတော့"

စကားဆုံးလျှင် ခရမ်းရောင်အပ်ဖြင့် ရှောင်အင်း၏လက်မောင်းကို ထိုးစိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

"ဟား ... ဟား ... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ရယ်သံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ...

လက်နှစ်နောက်ပစ်ကာ တောင်ကုန်းပေါ်သို့ တက်လာသည့် လူပုအဘိုးအိုအား မြင်လိုက်ရလေတော့သည်။



ရှောင်ကျင်းသည် မမျှော်လင့်ဘဲ မိုးဘီလူးမယ်တော် ယင်ကွမ်း၏အကျဉ်းသား ဖြစ်ခဲ့ရလေသည်။

ယင်ကွမ်းသည် အဆိပ်နှင့်ပတ်သက်လာလျှင် သိုင်းလောကၡ အထင်ရှားဆုံးဖြစ်လေသည်။

ယင်ကွမ်း၏လက်ချက်ကြောင့် သေဆုံးသွားကြရသည့် ထိပ်သီးသိုင်းသမားပေါင်း မနည်းတော့ပေ။

ထို့ကြောင့် ...

သိုင်းလောကသားများသည် ယင်ကွမ်းဟူသော အမည်ကြားလျှင် ဝေးဝေးမှ ရှောင်သွားတတ်ကြပေတော့သည်။

ရှောင်ကျင်းသည် ယင်ကွမ်း၏အကျဉ်းသား ဖြစ်နေပြီမို့ ကံကောင်းနိုင်ပါဦးမည်လော။

ယင်ကွမ်းသည် လူပုအဘိုးအိုက တောင်ပေါ်သို့ တက်လာသည်ကိုမြင်လျှင် မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

လူပုအဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

သူက လက်ဝှေ့ယမ်းလိုက်သောအခါ တောင်ကုန်းပေါ်တွင် လူပုလေးခုနစ်ယောက် ထွက်ပေါ်လာလေသည်။

ယင်ကွမ်း ပိုပြီးမျက်နှာပျက်သွားလေသည်။



ထိုလူပုလေးနှစ်ယောက်သည် ငွေရောင်အဝတ်အစားများကို ဆင်တူဝတ်ဆင်ထားကြလေသည်။

သူတို့၏ရုပ်သွင်များမှာလည်း တစ်ယောက်နှင့်တစ်ယောက် ခွဲမရအောင် တူကြလေသည်။

သူတို့သည် ယင်ကွမ်း ထွက်ပြေး၍မရအောင် ဝိုင်းရံထားလိုက်လေသည်။

လူပုအဘိုးအိုက ...

"မင်းထွက်ပြေးမယ်ဆိုတာသိလို့ ပြေးမရအောင် ကျုပ်က စီစဉ်ထားရတာပါ။ သူတို့ခုနစ်ယောက်ကို မင်းသိတယ် ထင်ပါရဲ့"

ဟု ပြောလေသည်။

ယင်ကွမ်းက ...

"သူတို့ဟာ လူပုနဂါးခုနစ်ဖော် မဟုတ်လား၊ ကျွန်မက သူတို့ကို မသိရအောင် ညှံ့ဖျင်းမယ်လို့ ရှင်ထင်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ပြုံးလိုက်သည်။

"မင်းမဆိုးဘူး၊ သူတို့ကို သိတယ်ဆိုရင် ထွက်ပြေးဖို့ မကြိုးစားနဲ့တော့၊ မင်း လွတ်မှာမဟုတ်ဘူး"

ယင်ကွမ်းက ...

"သူတို့ဟာ တောင်ပိုင်းနယ်စားရဲ့ သက်တော်စောင့်တွေပဲ မဟုတ်လား၊ ရှင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဟု မေးလိုက်လေသည်။

လူပုအဘိုးအိုက ...

"ကျုပ်က တောင်ပိုင်းနယ်စားအတွက် စွယ်စုံအသုံးဝင်မယ့် ဆေးတစ်မျိုးဖော်စပ်ပေးဖို့ တာဝန်ယူထားခဲ့တယ်၊ ကျုပ်က အချိန်ကုန်ခံ အပင်ပန်းခံပြီး ရွှေဆေးတစ်လုံးဖော်စပ်နိုင်ခဲ့တယ်၊ မင်း ခိုးယူသွားတဲ့ ဆေးလုံးပေါ့"

ယင်ကွမ်း မျက်နှာပျက်သွားပြန်လေသည်။

လူပုအဘိုးအိုက ...

"ကဲ ...မင်း ယူသွားတဲ့ရွှေဆေးကို ပြန်ပေးပါ၊ မင်းကို ချမ်းသာပေးလိုက်မယ်"



လူပုနဂါးခုနစ်ဖော်သည် သိုင်းလောက လူထူးလူဆန်းများဟု ထင်ရှားကျော်ကြားနေကြသူများ ဖြစ်သည်။

သူတို့သည် သိုင်း လောက၌ ကျင်လည်ကျက်စားခဲ့သည်မှာ ကြာပြီဖြစ်၏။

သို့သော်လည်း တစ်ကြိမ်တစ်ခါမှ ရှုံးနိမ့်ခဲ့ကြသူများ မဟုတ်ချေ။

သူတို့နှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြသူများသာလျှင် မရှုမလှ အရေးနိမ့်ခဲ့ကြရလေသည်။

လူပုခုနစ်ဖော်သည် သိုင်းလောက၌ ခြေသလုံးအိမ်တိုင်သွားလာကာ ထင်ရာစိုင်းနေကြသူများ ဖြစ်သည်။

ယခု ...

သူတို့သည် တောင်ပိုင်းနယ်စားထံတွင် အမှုထမ်းနေကြသည်မှာ အံ့သြစရာပင် ကောင်းလှပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ...

မှတ်ဆိတ်ရှည်များရှိသော လူပုအဘိုးအိုသည် ဆေးဝါးနှင့် ပတ်သက်လာလျှင် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားပြီး ပြိုင်ဘက်ကင်းသော နတ်ဆေးဆရာ မုကျိုဖြစ်လေသည်။

နတ်ဆေးဆရာမုကျိုသည် တောင်ပိုင်းနယ်စားအတွက် စွယ်စုံအသုံးဝင်စေမည့် ဆေးတစ်လုံး ဖော်စပ်ပေးရသည်မှာ အဘယ်ကြောင့်ပါနည်း။

✳



တောင်ပိုင်းနယ်စားအနီးတွင် ထိပ်သီးသိုင်းသမားကြီးများ ပိုင်းရံနေခြင်းကြောင့် ရင်ဆိုင်ရန် အလွန်ခက်ခဲနေမည်ဖြစ်ကြောင်း ရှောင်ကျင်း နားလည်မိလေသည်။

နတ်ဆေးဆရာမုကျိုနှင့် မိုးဘီလူးမယ်တော်ယင်ကွမ်းတို့ မည်သို့ဖြေရှင်းကြမည်ကို မသိမသာ စောင့်ကြည့်နေလိုက်လေသည်။

လူပုနဂါးခုနစ်ဖော်သည် ယင်ကွမ်းကို မသိမသာ ဝိုင်းထားလိုက်ကြလေသည်။

ယင်ကွမ်းက ...

"ကျွန်မက ဘာဆေးလုံးမှ ယူမသွားဘူး"

ဟု ပြောလိုက်သည်။

မုကျို၏မျက်နှာ တင်းမာသွားလေသည်။

"ယင်ကွမ်း ... မင်း လိမ်ပြောနေလို့အပိုပဲ၊ ကျုပ်ရဲ့ရွှေဆေး ပြန်ပေးပါ၊ မင်းကို အသက်ချမ်းသာပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ယင်ကွမ်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဘာမှမသိဘူး"

မုကျီ ဒေါပွသွားလေသည်။

"ကောင်းပြီလေ၊ မင်း ဘယ်လောက်ခေါင်းမာနိုင်မလဲ ကြည့်ကြသေးတာပေါ့"

ဟု ပြောလိုက်သည်။

ပြီးနောက် ...

"ကဲ ... ခင်ဗျားတို့တွေ့တဲ့အတိုင်းပဲ၊ နယ်စားကြီးအတွက် ဖော်စပ်ထားတဲ့ဆေးကို သူက ယူသွားပြီး ငြင်းနေတယ်၊ ခင်ဗျားတို့ပဲ ကြည့်လုပ်လိုက်ပါတော့ဗျာ"

လူပုနဂါးခုနစ်ဖော်ကို ပြောလိုက်လေသည်။

လူပုနဂါးခုနစ် ဖော်သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ယင်ကွမ်းအား ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

✳



လူပုနဂါးခုနစ်ဖော်သည် ယင်ကွမ်းအား လျှပ်တစ်ပြက် ဝိုင်းရံလိုက်ကြသည်။

သူတို့၏လက်ထဲတွင် စုတ်တံနှင့်တူသော လက်နက်များကိုကိုင်စီပါလာကြသည်။

သူတို့သည် ယင်ကွမ်း၏ခြေထောက်အောက်ပိုင်းကို အဓိကထားပြီး တိုက်ခိုက်လိုက်ကြလေသည်။

ယင်ကွမ်းက မြေပေါ်ခြေဆောင့်ကာ အပေါ်သို့ ခုန်တက် ရှောင်တိမ်းလိုက်လေသည်။

ဤတွင် ...

လူပုနဂါးခုနစ်ဖော်သည် တစ်ယောက်အပေါ် တစ်ယောက် ခုန်တက်လိုက်ကြလေသည်။

လူပုနဂါးခုနစ်ဖော်သည် တစ်ယောက်ပခုံးပေါ် တစ်ယောက်နင်းကာ စီတန်းလိုက်သည်နှင့် ယင်ကွမ်းထက်ပင် နှစ်ဆခန့်

www.burmeseclassic.com

www.burmeseclassic.com



အရပ်ပိုမြင့်သွားလေတော့သည်။

ယင်ကွမ်း ရင်ထိတ်သွားသည်။ ကပျာကယာ မြေပေါ် ခုန်ဆင်းလိုက်ရသည်။

လူပုခုနစ်ဖော်သည်လည်း တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းလာကြပြီး ယင်ကွမ်းကို တိုက်ခိုက်လိုက်ကြလေသည်။

ယင်ကွမ်းက မြေပေါ်လိမ့်ကာ ရှောင်တိမ်းလိုက်ရလေသည်။

သူမသည် လူပုနဂါးခုနစ်ဖော်အား ပြန်လည်တိုက်ခိုက်ရန် မဆိုထားနှင့် ခုခံရှောင်တိမ်းဖို့ပင် မလွယ်အောင်ဖြစ်နေသည်။

ရှောင်ကျင်းရင်ထဲ တင်းကျပ်လာသည်။

တောင်ပိုင်းနယ်စား၏လူများသည် ကြောက်မက်ဖွယ် ကောင်းသူများ ဖြစ်နေကြသည် မဟုတ်ပါလား။

ထိုစဉ် ...

"ယား"

ယင်ကွမ်းသည် ဩသံပေးလိုက်ပြီး လက်နှစ်ဖက်ဝှေ့ယမ်း လိုက်လေသည်။

'ဝှစ် ... ဝှစ် ... ဝှစ်'

အဆိပ်အပ်ကလေးများသည် ပျားပိတုန်းများပမာ လူပု



နဂါးခုနစ်ဖော်ထံသို့ ပစ်လွှင့်သွားလေသည်။

လူပုအဘိုးအို (ဝါ) နတ်ဆေးဆရာမုကျိက ...

"သတိထား"

ဟု အော်ပြောလိုက်လေသည်။

လူပုနဂါးခုနစ်ဖော်သည် ချက်ချင်းနောက်ဆုတ်ရှောင်တိမ်း လိုက်ကြလေသည်။

ယင်ကွမ်းသည် ရလာသောအခွင့်အရေးကို လက်လွှတ်မခံ ဘဲ ထွက်ပြေးသွားလေတော့သည်။

"ပြေးပြီဟေ့ ... လိုက်ကြ"

လူပုနဂါးခုနစ်ဖော်သည် ဩသံပေးကာ တစ်ဟုန်ထိုး ပြေး လိုက်သွားကြလေသည်။

သူတို့သည် တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ် ပျောက်သွားကြလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ယင်ကွမ်းနှင့် လူပုခုနစ်ဖော်မှာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြပြီ ဖြစ်လေသည်။

ရှောင်ကျင်းသည် သက်ပြင်းချလိုက်သည်။

အဘယ်ကြောင့်မှန်းမသိ ယင်ကွမ်း လွတ်မြောက်သွားပါစေဟု ဆုတောင်းနေမိသည်။

သို့မှသာ ...

ကြောက်စရာကောင်းသည် လူပုခုနစ်ဖော်မှာ သူ့ထံသို့ ပြန်ရောက်လာနိုင်တော့မည် မဟုတ်ပေ။

ရှောင်ကျင်း ကြာကြာစိတ်မအေးနိုင်ပါချေ။

အဘယ်ကြောင့်ဆိုသော် နတ်ဆေးဆရာ မုကျိုက သူ၏အနီးသို့ ရောက်ရှိလာခြင်းကြောင့် ဖြစ်လေသည်။

မုကျိုသည် ရှောင်ကျင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...



"လက်စသတ်တော့ သွေးကြောပိတ်ပြီး အဖမ်းခံနေရတာကိုး"

ဟု ရေရွတ်လိုက်လေသည်။

ပြီးလျှင် ရှောင်ကျင်း၏ပခုံးကို လက်ဝါးဖြင့် ပုတ်လိုက်၏။

'အင့်'

ရှောင်ကျင်း၏မသဲမကွဲညည်းညူသံ ထွက်ပေါ်လာလေသည်။

ချက်ချင်းပင် လှုပ်လှုပ်ရှားရှား ဖြစ်လာနိုင်တော့သည်။

ရှောင်ကျင်းသည် သူ့အား သွေးကြောဖွင့်ပေးသဖြင့် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်လေသည်။

မုကျိုက ...

"မင်းကို ယင်ယွမ်းက ဘာကြောင့် ဖမ်းထားရတာလဲ ပြောစမ်းပါဦး"

ရှောင်ကျင်းက ...

"သူက အထင်မှားနေလို့ပါ"

"အထင်မှားနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

မုကျို မျက်မှောင်ကြုတ်သွားပြီး ...

"ဘယ်လိုအထင်မှားတာလဲ ... ပြောစမ်းပါဦး"

ဟု မေးလေသည်။

ရှောင်ကျင်းက ...

"သူ့ဆီက ရွှေဆေးလုံး ခိုးယူသွားတဲ့ မိန်းကလေးကို ကျွန်တော်သိတယ်လို့ သူက ထင်နေလို့ပါ"

"ဟင်"

မုကျို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရှောင်ကျင်းကို စိုက်ကြည့်လိုက်ပြီး ...

"ယင်ကွမ်းဆီက ရွှေဆေးလုံးကို မိန်းကလေး တစ်ယောက်က ခိုးသွားတယ် ... ဟုတ်လား"

ဟု မေးလာလေသည်။

ယခုမှ မိမိစကားလွန်သွားပြီဖြစ်ကြောင်း ရှောင်ကျင်း သတိပြုမိလိုက်လေသည်။

မည်သို့ဆိုစေ သူက အမှန်အတိုင်းပြောသော်လည်း ဇာပဝါနက်နှင့် မိန်းကလေးအား ထိခိုက်စရာအကြောင်းမရှိဟု ထင်မိလေသည်။



ထို့ကြောင့် ...

"ဟုတ်ပါတယ်၊ မိန်းကလေးတစ်ယောက်က ခိုးယူသွားတယ်လို့ ပြောပါတယ်"

မုကျိုက ...

"မင်းစကားက ဘယ်လိုလဲကွ၊ ရှင်းရှင်းပြောစမ်းပါ"

ရှောင်ကျင်းက ...

"မိန်းကလေးတစ်ယောက် ယင်ကွမ်းဆီက ရွှေဆေးလုံးကို လုယူသွားပါတယ်၊ ဒါကို ယင်ကွမ်းက အဲဒီမိန်းကလေးကို ကျွန်တော်က သိတယ်လို့စွပ်စွဲပြီး ဖမ်းခေါ်လာတာပါ"

မုကျိုက ...

"မင်းကရော မသိဘူးလား"

"သိပါတယ်"

"ဘာ"

"ဟို ... ဟို"

"ဟေ့ကောင်လေး ... ရှင်းရှင်းပြောတာကို ဖမ်းဆီးညာရင် မင်း ဒုက္ခရောက်သွားလိမ့်မယ်"

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

"ကျွန်တော် ဒုက္ခရောက်နေတဲ့အခါ သူက ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့ဖူးပါတယ်၊ ဒါပေမဲ့ သူ ဘယ်သူလဲဆိုတာ မသိခဲ့ရပါဘူး ခင်ဗျာ"

မုကျိုက ...

"အင်း ... ဒီအတိုင်းဆိုရင် မင်းကိုလွှတ်ပေးလို့ မဖြစ်တော့ဘူး"

"ဗျာ"

"ရွှေဆေးလုံးဟာ ယင်ကွမ်းလက်မှာ မရှိနေတော့တာ ထင်ရှားနေပြီ၊ ဓာပဝါနက်နဲ့ မိန်းကလေးကို လိုက်ရှာရမယ်၊ သူ့ကို ငါက မသိပေမယ့် မင်းက သိနေတယ်မဟုတ်လား"

ရှောင်ကျင်းက စိတ်ပျက်သွားလေတော့သည်။

သူက အမှန်အတိုင်း ပြောဆိုခြင်းသည် ဒုက္ခကို ဖိတ်ခေါ်သည်နှင့် အတူတူပင် ဖြစ်နေသည်မဟုတ်ပါလား။

ယခု ✳

မြိုလိုက်ရေ

ဆိုစေ ၃



ထို့နောက် ...

မုကျိုက ...

"လာ ... ငါနဲ့လိုက်ခဲ့"

ပြောပြောဆိုဆို ရှောင်ကျင်း၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်၏။

ရှောင်ကျင်းက သတိထားနေသည်ဖြစ်ရာ ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

မုကျို မကျေနပ် ဖြစ်သွားလေသည်။

"အောင်မယ် ... မင်း မဆိုးပါလား"

ဟု ပြောရင်း ရှေ့သို့လှမ်းကာ ရှောင်ကျင်းကို ဖမ်းဆီးရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ကျင်းက နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုကို ဒေါပွသွားတော့သည်။

"မင်းက ငါ့လက်ထဲက လွတ်မယ်လို့များ ထင်နေသလား ... ဟင်"

ဟု ကြိုးဝါးကာ ရှေ့သို့လှုပ်တစ်ပြက် တိုးလိုက်သည်။

လက်တစ်ဖက်က ရှောင်ကျင်းအား ဖမ်းဆွဲရန် ဟန်ပြင်လိုက်ပြီးမှ ကျန်လက်ဝါးတစ်ဖက်ဖြင့် ရိုက်ချလိုက်လေသည်။

ရှောင်ကျင်း ရှောင်တိမ်းသွား၍ မရစေဖို့ ပိတ်ဆို့တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ရှောင်ကျင်းက ရှောင်တိမ်းလိုက်သည်နှင့် မုကျိုး၏လက်ဝါးရိုက်ချက်ကို ဝင်တိုးမိပြီးသား ဖြစ်သွားလေသည်။

အမှန်တော့ ...

ရှောင်ကျင်းသည် ခုခံတိုက်ခိုက်ခြင်း မပြုလိုပါချေ။

ကိုယ်လွတ်ရန်းကာ ရှောင်ထွက်သွားဖို့သာ စိတ်ကူးထားလေသည်။

ထို့ကြောင့် ...

မုကျိုး၏လက်ဝါးကို ထိပ်တိုက်ဝင်တိုးလိုက်ခြင်း ဖြစ်လေတော့သည်။

'ဗုန်း'



ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။
ရှောင်ကျင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✳

www.burmeseclassic.com

www.burmeseclassic.com

မုဲကျိုသည် မကျေမနပ်ဖြင့် အတွင်းအားထည့်ကာ ရိုက်ချလိုက်ခြင်း ဖြစ်သည်။

သူ၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်လှသည် ဆိုနိုင်၏။

လက်ဝါးရိုက်ချက်ခံလိုက်ရသော ရှောင်ကျင်းသည် သက်သာလိမ့်မည် မဟုတ်ပါချေ။

ရှောင်ကျင်းသည် အဝေးသို့လွင့်စဉ်သွားကာ မြေပေါ်လဲကျသွား၏။

မြေပေါ်တွင်လူးလိမ့်ကာ ပြန်လည်ခုန် ထလိုက်လေသည်။

လက်ဝါးရိုက်ချက် ထိခံထားရသည်ဖြစ်ရာ သူ၏ရင်ထဲ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

စူးရှပြီး အောင့်သက်သက်ဝေဒနာ ဖြစ်ပေါ်လာလေသည်။ ထိုဝေဒနာသည် တစ်ခဏအတွင်းမှာပင် ပြင်းထန်လာပြီး ...

'ဝေါ့'



ပါးစပ်ထဲမှသွေးများ အန်ထုတ်လိုက်လေသည်။

မုကျိုက တိုက်ခိုက်ခြင်းမပြုတော့ဘဲ လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်ကြည့်နေလေသည်။

ရှောင်ကျင်းက တဝေါ့ဝေါ့ဖြင့် ထိုးအန်ထုတ်နေသည်။

သူ အန်ထုတ်လိုက်သည့်သွေးများကား အနီရောင်မဟုတ်ဘဲ အမည်းရောင်ဖြစ်နေသည်။

အဆိပ်သွေးမည်းများ အန်ထုတ်လိုက်ခြင်းဖြစ်သည်။

ခြသေ့်ကြီးထိကျင်း၏ အဆိပ်လက်နက်ပုန်း ထိမှန်ခဲ့ရာမှ ခန္ဓာကိုယ်ထဲစိမ့်ဝင်သွားသော အဆိပ်များသည် ယခုမှ ပြန်လည်အန်ထွက်လာခြင်း ဖြစ်ပေတော့သည်။

သွေးမည်းများ အန်ထုတ်လိုက်ရခြင်းကြောင့် ရှောင်ကျင်းမောပန်းသွားသော်လည်း ခန္ဓာကိုယ်ထဲ၌ အပူငွေ့တစ်ခုဖြစ်ပေါ်လာပြီး သွေးကြောများအတိုင်း လှည့်ပတ်စီးဆင်းသွားသောအခါ မောပန်းမှုများသည် တစ်ခဏအတွင်း ပျောက်ကွယ်သွားလေသည်။

ထို့အပြင် ...

ခန္ဓာကိုယ်ထဲ၌ အင်အားများ ပြည့်ဖြိုးလာကာ လန်းဆန်းစွာ ဖြစ်လာသည်ကို ခံစားလာရလေသည်။

ယခုမှ ...

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဆေးလုံးလေး၏ အစွမ်းသတ္တိပြလာခြင်း ဖြစ်ပေတော့သည်။

ရောင်ကျင်း ခုန်ထလာသည်ကိုတွေ့ရလျှင် မုကျိ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"မင်း ... မင်း"

ရောင်ကျင်းက ...

"ဦးနဲ့ကျွန်တော်ဟာ ရန်သူတွေ မဟုတ်ကြပါဘူး။ ဒါကြောင့် ကျွန်တော့်ကို သွားခွင့်ပြုပါတော့ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

မုကျိသည် ရောင်ကျင်းအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"မင်း ... မင်း ဘာမှမဖြစ်ဘူး ... ဟုတ်လား"

ဟု မေးလေသည်။

ရောင်ကျင်းက ...

"ကျွန်တော့်ကို သွားခွင့်ပြုပါဗျာ"

ဟု တောင်းပန်လိုက်လေသည်။

မုကျိ ခေါင်းခါယမ်းလိုက်သည်။

"မင်းဟာ အတော်ထူးဆန်းတဲ့ကောင်လေးပဲ၊ ယင်ကွမ်းဆီက ရွှေဆေးလုံးခိုးယူသွားတဲ့မိန်းကလေးဟာ မင်းနဲ့ပတ်သက်နေရမယ်၊ မင်းကို လွှတ်မပေးနိုင်တော့ဘူး"



စကားဆုံးလျှင် လက်တစ်ဖက်ဆန့်ထုတ်ကာ ရောင်ကျင်း၏ပခုံးပေါ်မှသွေးကြောတစ်ခုကို ထောက်ချလိုက်လေသည်။

သူ၏လှုပ်ရှားမှု လျှင်မြန်လွန်းလှသဖြင့် ရောင်ကျင်း ရှောင်တိမ်းဖို့အချိန် မရလိုက်ချေ။

မုကျိ၏လက်ညှိုးသည် ရောင်ကျင်း၏သွေးကြောပေါ်သို့ မိမိရရ ထောက်ချလိုက်မိလေသည်။

အမှန်ဆိုလျှင် ...

ရောင်ကျင်းမှာ သွေးကြောပိတ်ခံရကာ မြေပေါ်လဲကျသွားရမည် ဖြစ်လေသည်။

သို့သော် ...

※

www.burmeseclassic.com

www.burmeseclassic.com

ရှောင်ကျင်းသည် သွေးကြောပိတ်မခံရသည့်အပြင် သူ၏ ခန္ဓာကိုယ်ထဲမှ တုံ့ပြန်အားတစ်ခုက မုကျို၏လက်ညှိုးကို ပြန်လည် တွန်းကန်ပြီးသားဖြစ်သွားလေတော့သည်။

"ဟင်"

မုကျို ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ရှောင်ကျင်း၏သွေးကြောကို ထောက်ချမိလိုက်သည်နှင့် သူ၏တစ်ကိုယ်လုံး ကျင်စက်အဝင့်ခံလိုက်ရသည့်အလား ထုံကျဉ်သွားသည် မဟုတ်ပါလား။

"မင်း ... မင်း"

ရှောင်ကျင်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပဲ...

"ကျွန်တော် သွားတော့မယ်"

ဟုပြောကာ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

"မပြေးနဲ့"



မုကျိုကလည်း ချက်ချင်း ပြေးလိုက်လာသည်။

သို့သော် ...

ရှောင်ကျင်း၏ပြေးလွှားနှုန်းမှာ မယုံနိုင်စရာ ကောင်းလောက်အောင်ပင် လျှင်မြန်၍နေ၏။

မုကျိုသည် ကိုယ်ဖော့ပညာအသုံးပြုကာ တရကြမ်း ပြေးလိုက်သွားပါသော်လည်း မမီနိုင်ချေ။

ရှောင်ကျင်းသည် တစ်စထက်တစ်စ ဝေးသွားပြီဖြစ်ရာ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



မုဂ္ဂျီ ဒေါပွသွားလေသည်။

ရှောင်ကျင်းသည် ဝေး၍ ဝေး၍ သွားကာ နောက်ဆုံး မြင်ကွင်းမှ ကွယ်ပျောက်သွားပြီမဟုတ်ပါလား။

မုဂ္ဂျီသည် လိုက်၍မမီနိုင်တော့သဖြင့် ခြေလှမ်းရပ်လိုက်လေသည်။

ရှောင်ကျင်း ထွက်ပြေးပျောက်ကွယ်သွားရာဘက်ဆီသို့ ငေးမောကြည့်မိ၏။

ရှောင်ကျင်းအား ယင်ကွမ်းက လက်ရဖမ်းခဲ့သည်။

သွေး ကြောပိတ်ခံနေရသော ရှောင်ကျင်းကို သူကပင် သွေးကြောဖွင့်ပေးခဲ့ရသည်။

သူ၏လက်ဝါးရိုက်ချက်ကိုပင် ခံခဲ့ရသေး၏။

ယခုတော့ ...

ရှောင်ကျင်း၏အဖြစ်သည် မယုံနိုင်စရာကောင်းလောက်

BURMESE CLASSIC .com



အောင် ပြောင်းလဲသွားပြီဖြစ်ပါသည်။

မုဂ္ဂျီသည် တွေဝေငေးငိုင်နေရာမှ တစ် စုံတစ်ခုကို စဉ်းစားမိလာလျှင် ...

"ဟာ"

လွှတ်ခနဲ အော်လိုက်လေသည်။

ထိတ်လန့်တကြား ထခုန်လိုက်သည်။

သူ၏မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အရုပ်ဆိုးအကျည်းတန်သွားပြီး ...

"သွားပြီ ... သွားပြီ ... ဒီကောင်လေးဟာ ငါ့ရဲ့ရွှေဆေးရသွားလို့ပဲဖြစ်ရမယ်"

ဟု အော်ဟစ်လိုက်သည်။

ထို့နောက် ...

ရှောင်ကျင်း ထွက်သွားရာဘက်သို့ ဦးတည်ကာ ပြေးလိုက်သွားလေတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အမိန့်စာ

BURMESE CLASSIC .com

ယန်ယီမြို့ ...။

ယန်ယီမြို့သည် တောင်ပိုင်းသို့သွားရာ လမ်းဆုံလမ်းခွ၌ တည်ရှိသော စည်ကားသိုက်မြိုက်လှသည့် မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

ယန်ယီမြို့သည် ကုန်သည်ပွဲစားများ၊ ခရီးသည်များ၊ သိုင်းလောကသားများ ဝင်ထွက်သွားလာမစဲ ရှိကြလေသည်။

ရှောင်ကျင်းသည် ယန်ယီမြို့သို့ ရောက်ရှိလာသောအခါ မြို့အဝင်တွင် အစောင့်စစ်သည်များ ထူထပ်စွာချထားသည်ကို တွေ့ရလေသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

"အစောင့်အကြပ်တွေ များလှချည်လား၊ မြို့ထဲမှာ အရေးအကြောင်း ပေါ်နေလို့များလား"

ဟု တွေးလိုက်မိသည်။



မြို့ထဲမဝင်ဘဲ လှည့်ပြန်သွားရန်ပင် စိတ်ကူးလိုက်မိလေသည်။

သို့သော် ...

ယခုအချိန်မှ နောက်ကြောင်းလှည့်ပြန်သွားလျှင် အစောင့်အကြပ်များ သင်္ကာမကင်းဖြစ်မည်ကို စိုးရိမ်ကာ မြို့တွင်းသို့ ဟန်မပျက် ဆက်ဝင်ခဲ့ရလေသည်။

သူသည် တောင်ပိုင်နယ်စား၏ဆုငွေထုတ်ခြင်းခံထားရသူ တစ်ဦး ဖြစ်ပေသည်။

အစောင့်အကြပ်များသည် သူ၏အကြောင်းကိုသိသွားလျှင် ချက်ချင်းဝိုင်းဝန်းဖမ်းဆီးကြလိမ့်မည် မဟုတ်ပါလား။

ရှောင်ကျင်း ကံကောင်းထောက်မသွားသည်ဟု ဆိုရမည် ဖြစ်သည်။

အစောင့်အကြပ်များသည် မြင်းလှည်းများကိုသာ အဓိက ထားပြီး ရှာဖွေစစ်ဆေးနေကြသဖြင့် ရှောင်ကျင်းကို မည်သူမျှ သတိမထားမိကြတော့ချေ။

ရှောင်ကျင်းသည် မြို့ထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့လေသည်။

✳

www.burmeseclassic.com

www.burmeseclassic.com



ယန်ယီမြို့၏လမ်းများပေါ်ဝယ် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေကြလေသည်။

လမ်းဘေးဝဲယာတွင် ဈေးဆိုင်၊ အပေါင်ဆိုင်၊ အရက်ဆိုင်၊ အာမခံဌာန၊ တည်းခိုခန်း စသည် ဆိုင်များလည်း အစီအရီရှိနေ၏။

ဈေးသည်များ ဝယ်ပါယူပါ အသံများကလည်း သောသော ညံနေ၏။

လှံရှည်ကိုင် အစောင့်အကြပ်များ လေးယောက်တစ်တွဲ ငါး ယောက်တစ်တွဲ ဖြတ်သန်းသွားကြသည်ကိုလည်း တွေ့ရ၏။

အခြေအနေ ထူးခြားနေသည်ကား အမှန်ပင်ဖြစ်လေသည်။ ရှောင်ကျင်း သိလိုစိတ် ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် လူစည်ကားနေသော လက်ဖက်ရည်ဆိုင် တစ် ဆိုင်သို့ မယောင်မလည်ဖြင့်ဝင်ကာ လက်ဖက်ရည် မှာသောက်လိုက် သည်။



ထို့နောက် ပြောဆိုနေကြသည့်စကားသံများကို နားစွင့် လိုက်လေသည်။

ရှောင်ကျင်း အတွေးမှန်သွားသည်ဟု ဆိုရမည်ဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထဲ၌ စုရုံးရောက်ရှိနေကြသူများသည် ထူးခြားမှုတစ်ခုအား ပြောဆိုနေကြခြင်း ဖြစ်ပေတော့သည်။

ရှောင်ကျင်း၏စားပွဲနှင့် ကပ်လျက်ရှိသော စားပွဲတွင် ဝိုင်းဖွဲ့ ထိုင်ကာ လက်ဖက်ရည်သောက်နေကြသူများအနက် တစ်ယောက် က ...

"ကျုပ်တို့မြို့ကို သက်တော်ရှည်အမတ်ကြီးကောင်းကျင့် ရောက်လာတာ အတော်ထူးခြားတာပဲ"

ဟု ပြောလေသည်။

အခြားတစ်ယောက်က ...

"ဟုတ်တယ်ဗျို့၊ မကြာသေးခင်က ဖြစ်ပေါ်ခဲ့တဲ့ နန်းတွင်း အရှုပ်တော်ပုံနဲ့ ပတ်သက်ကောင်း ပတ်သက်နေနိုင်တယ်"

တတိယလူက ...

"သေချာတာပေါ့ကွာ၊ ရွှေကြိုးကြာမင်းသားရဲ့ကိစ္စနဲ့ ပတ် သက်ပြီး တောင်ပိုင်းနယ်စားရဲ့ တင်ပြချက်တွေကို ကွင်းဆင်းလေ့ လာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပထမလူက ...

"သက်တော်ရှည်အမတ်ကြီးကောင်းကျင့်က ဒီမြို့မှာ ခဏနားပြီး မနက်မိုးလင်းတာနဲ့ တောင်ပိုင်းနယ်စားကြီးဆီကို ခရီးဆက်လိမ့်မယ်၊ မြို့သူမြို့သားတွေအနေနဲ့ မြို့ဝန်အပေါ် မကျေနပ်တာတွေရှိရင် လာရောက်တင်ပြနိုင်တယ်လို့ ကြေညာထားတယ်"

ဒုတိယလူက ...

"အို ... ကျုပ်တို့မြို့ဝန်ဟာ လူတော်လူကောင်းတစ်ယောက်ပါဗျာ၊ သူ့အကြောင်း ဘာမှပြောစရာ မရှိပါဘူး၊ ဒါပေမဲ့"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

တတိယလူက ...

"ဘာလဲ ... တောင်ပိုင်းနယ်စားရဲ့မကောင်းကြောင်း တင်ပြချင်လို့လား"

ဟု မေးလိုက်သည်။

ဒုတိယလူက ...

"ဒါကို ကျုပ်တို့မြို့ဝန်က တင်ပြလိုက်ရင် သိပ်ကောင်းမှာပဲဗျာ၊ တောင်ပိုင်းနယ်စားက နေရာတကာမှာ ချယ်လှယ်နေတာပဲ မဟုတ်လား၊ ကျုပ်တို့မြို့ဝန်တောင် သူ့ကို မလွန်ဆန်နိုင်လို့ အခက်ကြုံနေရတာပဲ"



ရှောင်ကျင်းသည် သူတို့ဆက်ပြောနေသည့် စကားများကို စိတ်မဝင်စားပါတော့ချေ။

သက်တော်ရှည်အမတ်ကြီးကောင်းကျင့်နှင့် သွားရောက်တွေ့ဆုံနိုင်လျှင် မည်မျှကောင်းမည်နည်းဟု တွေးတောစဉ်းစားနေလိုက်မိလေတော့သည်။

☼

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်လေသည်။

နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု အစားထိုးဝင်ရောက်လာလေသည်။

ယန်ယီမြို့ကလေးမှာ မီးအိမ်များ ထွန်းညှိလိုက်ကြပြီ ဖြစ်သည်။

ညအချိန်ရောက်သည့်တိုင် စည်ကားသိုက်မြိုက်နေဆဲ ...

ရှောင်ကျင်းသည် တစ်နေ့လုံး အချိန်ဖြုန်းနေလိုက်ပြီး ညဘက်သို့ရောက်လျှင် မြို့ဝန်ဂေဟာအနီးသို့ မယောင်မလည်ဖြင့် ရောက်ရှိလာလေသည်။

မြို့ဝန်ဂေဟာ၌ မီးရောင်ထိန်ထိန်လင်းနေသည်။

အစောင့်အကြပ် ထူထပ်စွာ စောင့်ကြပ်နေသည်ကို တွေ့ရ၏။



ရှောင်ကျင်း စိတ်ပျက်သွားသည်။

မြို့ဝန်ဂေဟာထဲသို့ တိတ်တဆိတ်ဝင်ရောက်ဖို့ မလွယ်ကြောင်း ရိပ်မိလိုက်သည်။

ရှောင်ကျင်းသည် မြို့ဝန်ဂေဟာ၏တည်နေပုံကို အကဲခတ်ရင်း မည်သို့ဝင်ရမည်နည်းဟု အကဲခတ်နေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ညဦးနက်သည်ထက် နက်လာသည်။

လမ်းပေါ်တွင် လူသွားလူလာ တစ်စထက်တစ်စ ရှင်းလာလေသည်။

ရှောင်ကျင်း အကြံအိုက်နေဆဲ ...

ထိုစဉ် ...

မြင်းလှည်းတစ်စီးသည် မြို့ဝန်ဂေဟာဆီသို့ ဦးတည်မောင်းနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုမြင်းလှည်းမှာ မြို့ဝန်ဂေဟာ၏အမှိုက်စွန့်သော မြင်းလှည်း ဖြစ်လေသည်။

ရှောင်ကျင်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အမှောင်ရိပ်ထဲသို့ တိုးဝင်လိုက်ပြီး မြင်းလှည်းဖြတ်သန်းသွားသောအခါ လျှပ်တစ်ပြက် ခုန်တက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြင်းလှည်းခေါင်မိုးပေါ်၌ ပြားပြားဝပ်ကာ လိုက်ပါသွားလေသည်။

မြင်းလှည်းသည် အစောင့်အကြပ်နည်းပါးသော မြို့ဝန်ဂေဟာအနောက်ဘက်တံခါးမှ ဂေဟာအတွင်းသို့ ဝင်သွားခြင်းဖြစ်သည်။

ဂေဟာအနောက်ဘက်တွင် အမှောင်ရိပ်များ ကျနေသဖြင့် ရှောင်ကျင်းအား မည်သူမျှ သတိမပြုမိလိုက်ကြတော့ပေ။

ရှောင်ကျင်းသည် ဂေဟာအနီးသို့ရောက်လျှင် မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ အဆောက်အအုံနံရံ၌ ကပ်နေလိုက်သည်။

တစ်ဖန် ပြတင်းတံခါးတစ်ခုမှနေပြီး ဂေဟာထဲသို့ ဝင်လိုက်သည်။

ရှောင်ကျင်းရောက်သွားချိန်၌ မြို့ဝန်သည် သက်တော်ရှည်အမတ်ကြီးအား ညစာတည်ခင်းကျွေးမွေးပြီးစီးသွားချိန်ဖြစ်သည်။

သက်တော်ရှည်အမတ်ကြီး ကောင်းကျင့်သည် ခရီးပမ်းလာသဖြင့် စောစောအိပ်ရာဝင်တော့မည် ဖြစ်သည်။

ရှောင်ကျင်းသည် သက်တော်ရှည်အမတ်ကြီး၏အခန်းကို မှတ်သားထားလိုက်ပြီး ညဥ့်နက်အောင် စောင့်ဆိုင်းနေလိုက်၏။

ညဥ့်နက်ကာ လူခြေတိတ်သွားတော့မှ တိတ်တဆိတ် ချဉ်း



ကပ်လာခဲ့လေသည်။

သက်တော်ရှည်အမတ်ကြီး၏အခန်းရှေ့၌ အစောင့်နှစ်ယောက် စောင့်ကြပ်နေပါသည်။

ရှောင်ကျင်းသည် အမှောင်ရိပ်ထဲမှ ပြေးထွက်ကာ ကြောင်အမ်းအမ်းဖြစ်နေသော အစောင့်နှစ်ယောက်ကို သွေးကြောပိတ်လိုက်လေသည်။

အစောင့်နှစ်ယောက် အငိုက်မိသွားကာ သွေးကြောပိတ်ခံလိုက်ရ၏။

ရှောင်ကျင်းက အခန်းတံခါး တွန်းဖွင့်ကာ အခန်းတွင်းသို့ ပြေးဝင်လိုက်သည်။

အခန်းတွင်းသို့ရောက်လျှင် ...

"ဟာ"

ရှောင်ကျင်း လွှတ်ခနဲ အော်လိုက်မိလေသည်။

အကြောင်းမှာ ...

အခန်းတွင်း၌ မီးရောင်ထိန်ထိန်လင်းနေပြီး စားပွဲတစ်ခုလုံး၌ ထိုင်နေသော သက်တော်ရှည်အမတ်ကြီး ကောင်းကျင့်ကိုလည်းကောင်း၊ ခြံရံစောင့်ကြပ်နေကြသော သက်တော်စောင့်ငါးယောက်ကိုလည်းကောင်း တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျင့်၏သက်တော်စောင့်များသည် ရှောင်ကျင်းအား ချက်ချင်း ဝိုင်းရံထားလိုက်ကြလေတော့သည်။

☀



ရှောင်ကျင်း ရင်ထိတ်သွားသည်။

သက်တော်ရှည်အမတ်ကြီး ကောင်းကျင့်အား အနီးကပ်စောင့်ရှောက်ကြမည့် သက်တော်စောင့်များ ရှိနေကြသည် မဟုတ်ပါလော။

သက်တော်စောင့်တစ်ယောက်က ...

"သက်တော်ရှည်အမတ်ကြီးရဲ့အခန်းထဲကိုတောင် ကျူးကျော်ဝင်ရောက်လာခဲ့တာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ခုချက်ချင်း ထောက်လိုက်စမ်း"

ဟု ငေါက်လိုက်လေသည်။

ရှောင်ကျင်းလည်း ချက်ချင်း ဒူးထောက်လိုက်လေသည်။

သက်တော်စောင့်များသည် သူ့အား ချက်ချက်း ဝိုင်းဝန်းချုပ်နှောင်ရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မဖမ်းနဲ့၊ ကျုပ်ရှေ့ကို ခေါ်လာခဲ့"

ကောင်းကျင့်၏အမိန့်ပေးသံ ထွက်ပေါ်လာလေသည်။

သက်တော်စောင့်များက ရှောင်ကျင်းအား ကောင်းကျင့်ရှေ့သို့ ခေါ်သွားကြသည်။

ကောင်းကျင့်က ရှောင်ကျင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"ညကြီးအချိန်မတော် ကျုပ်ရဲ့အခန်းထဲကို မင်းက ကျူးကျော်ဝင်လာတာ ဘယ်လိုအကြောင်းကိစ္စများ ရှိနေလို့လဲ"

ဟုမေးလေသည်။

ရှောင်ကျင်းက ...

"ကျွန်တော်က အမှတ်ကြီးကို တင်ပြစရာ ရှိလို့ပါ"

ကောင်းကျင့်က ...

"ကောင်းပြီ၊ ပြောပါ"

ရှောင်ကျင်းက ...

"ကျွန်တော့်နာမည် ရှောင်ကျင်းဖြစ်ပါတယ်၊ မြို့စားကြီး ရှောင်ဖုံးရဲ့သား ဖြစ်ပါတယ်"

"ဟင်"

ကောင်းကျင့် အံ့သြသွားလေသည်။



"လက်စသတ်တော့ မင်းဟာ မြို့စားကြီးရှောင်ဖုံးရဲ့သား ဖြစ်နေတာကိုး၊ ကဲ ... မင်းမှာ ဘယ်လိုတင်ပြစရာ အကြောင်းကိစ္စ ရှိနေလို့လဲ၊ ပြောပါဦး"

ရှောင်ကျင်းက ...

"ကျွန်တော့်အဖေဟာ ဘုရင်မင်းမြတ်အပေါ် သစ္စာဖောက်ခဲ့တယ်ဆိုတာ လုံးဝ မဟုတ်ပါဘူး၊ ဖေဖေ့ကို တောင်ပိုင်းနယ်စားက အပြစ်ပုံချခဲ့တာပါ"

ဟု အစချီကာ အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်လေသည်။

ကောင်းကျင့်သည် ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ရှောင်ကျင်း၏စကားဆုံးလျှင် ...

"အင်း ... ကျုပ်တို့ကြားသိထားတဲ့ သတင်းတွေနဲ့ မင်းပြောလိုက်တာနဲ့ ကိုက်ညီနေပါတယ်၊ တောင်ပိုင်းနယ်စားဟာ သစ္စာဖောက်ဖြစ်တဲ့ ရွှေကြိုးကြာမင်းသားနဲ့ ပူးပေါင်းခဲ့ပြီး သူ့အကြောင်းကို မြို့စားကြီး ရှောင်ဖုံးက ဖော်ထုတ်တော့မယ့်အခါ အကောက်ကြံပြီး သူ့ရဲ့အပြစ်တွေကို မြို့စားကြီးအပေါ် ပုံချလိုက်တယ်ဆိုတာ ကျုပ်တို့သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလျှင် ရှောင်ကျင်း ဝမ်းသာသွားလေသည်။ အဖြစ်မှန်ကို ဖော်ထုတ်ဖို့နီးကပ်လာပြီ မဟုတ်ပါလား။

ကောင်းကျင့်က ...

"ခက်တာက တောင်ပိုင်းနယ်စားရဲ့ လုပ်ရပ်တွေအတွက် သက်သေအထောက်အထား လိုအပ်နေတယ်၊ ကျုပ် အခု ခရီးထွက်လာတာဟာ အဖြစ်မှန်ကို စုံစမ်းဖော်ထုတ်ဖို့ သက်သေအထောက်အထား ရှာဖွေဖို့ပဲဖြစ်တယ်၊ တောင်ပိုင်းနယ်စားဟာ နယ်သူနယ်သားတွေအပေါ် မတရားသဖြင့် ပြုလုပ်နေတယ်ဆိုတဲ့ သတင်းတွေလည်း နားနဲ့မဆံ့အောင် ကြားပြီးပါပြီ"

ရှောင်ကျင်းက ...

"ကျွန်တော်ဟာ ဖေဖေ့ကိုလုပ်ကြံခဲ့တဲ့ ကြေးစားသိုင်းသမားတချို့နဲ့ တွေ့ပြီးပါပြီ၊ သူတို့ဟာ တောင်ပိုင်းနယ်စားရဲ့ အမိန့်ကြောင့် လုပ်ခဲ့ကြရတယ်လို့ ဝန်ခံကြပါလိမ့်မယ်"

ကောင်းကျင့်က ...

"အင်း ... ကြေးစားသိုင်းသမားတွေရဲ့ ထွက်ဆိုချက်က နန်းတွင်းမှာ ဖြေရှင်းကြတဲ့အခါ အရေးပါမယ် မထင်ဘူး၊ သူတို့ရဲ့ စကားကို ဘယ်သူ့ကမှ ယုံကြည်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းကို အကြံပေးချင်တာက မင်းရဲ့ အဖေ ရှိခဲ့တဲ့ တောင်ပိုင်းနယ်စားနဲ့ ရွှေ



ကြိုးကြာမင်းသားတို့ ဆက်သွယ်ခဲ့ကြတဲ့ သက်သေခံစာကို ရအောင်ရှာပါ၊ နောက်တစ်ခုက တောင်နန်းစံဒေဝီက တောင်ပိုင်းနယ်စားတို့အကြောင်းကို စုံစမ်းဖို့ မင်းအဖေကို တာဝန်ပေးခဲ့တဲ့ အမိန့်စာကို တွေ့အောင်ရှာပါ၊ ဒီစာနှစ်စောင်ကို တွေ့အောင်ရှာနိုင်ရင် တောင်ပိုင်းနယ်စားကို အပြစ်ပေး အရေးယူလို့ရပါပြီ"

ရှောင်ကျင်း ငိုင်သွားလေသည်။

ထိုစာနှစ်စောင်သည် အလွန်အရေးပါကြောင်း ထင်ရှား၏။ သူ၏ဖခင်က ရရှိထားခဲ့သည်ဆို၏။

ထိုစာနှစ်စောင်သည် မည်သည့်နေရာတွင် ရောက်ရှိနေပါသနည်း။

ကောင်းကျင့်က ...

"အဲဒီစာနှစ်စောင်ကို မင်း တွေ့အောင်ရှာနိုင်ပါစေလို့ ကျုပ်ဆုတောင်းလိုက်ပါတယ်ကွယ်"

ဟု ပြောလေသည်။

ရှောင်ကျင်း သက်ပြင်းချလိုက်လေသည်။

သက်တော်ရှည်အမတ်ကြီး ကောင်းကျင့်နှင့်တွေ့ဆုံမှုသည် ဤတွင်ပြီးဆုံးသွားပြီဖြစ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် ဦးညွတ်ဂါရဝပြုလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သက်သေခံစာနှစ်စောင်ကို တွေ့အောင်ရှာဖွေပါ့မယ် ခင်ဗျာ"

ဟု ပြောလိုက်သည်။

ကောင်းကျင့်က ...

"ကဲ ... သူ့ကို ဂေဟာအပြင်ဘက်အထိ လိုက်ပို့ပေးလိုက်ကြပါ၊ ဘေးမသီ ရန်မခပါစေနဲ့ကွယ်"

ဟု သက်တော်စောင့်များအား အမိန့်ပေးလိုက်လေတော့သည်။

❋ ❋ ❋



## နတ်မိမယ်

သက်သေခံစာနှစ်စောင်။

သက်သေခံစာနှစ်စောင်သည် မည်သည့်နေရာ ရောက်နေပါသနည်း။

ရှောင်ကျင်း ငေးငိုင်နေသည်။

ထိုသက်သေခံ စာနှစ်စောင်ကို ရှာဖွေတွေ့ရှိမှသာလျှင် တောင်ပိုင်းနယ်စားအား အပြစ်ပေးနိုင်မည်ဖြစ်သည်။

ရှောင်ကျင်းသည် မည်သို့လိုက်လံရှာဖွေရမှန်းမသိဘဲ အကြံအိုက်နေစဉ်မှာပင် ...

"မပြေးနဲ့"

"လိုက်ကြဟေ့"

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း သတိဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက်သည် ဒရော သောပါးပြေးလာပြီး လူတစ်စုက ဗြသံပေးကာ လိုက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ကျင်း အံ့သြသွားလေသည်။

ရှေ့မှ ပြေးလာနေသူမှာ ဘီလူးလေးဖြစ်ပြီး နောက်မှ လိုက်လာကြသူများမှာ တောင်ပိုင်းနယ်စား၏လူများ ဖြစ်နေကြသည် မဟုတ်ပါလား။

ရှောင်ကျင်း ငေးကြည့်နေစဉ်မှာပင် ဘီလူးလေးသည် တောအုပ်ထဲသို့ဝင်ပြေးသွားပြီး တောင်ပိုင်းနယ်စား၏လူများက ထက်ကြပ်မကွာ လိုက်ပါသွားကြသည်ကို တွေ့ရလေသည်။

ရှောင်ကျင်း မနေနိုင်တော့ပါ။

ကိုယ်ဖော့ပညာ အသုံးပြု၍ တောအုပ်ထဲသို့ ပြေးဝင်သွားလေတော့သည်။



သစ်လုံးအိမ်ကလေး ...။

တောအုပ်ထဲတွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော သစ်လုံးအိမ်ကလေးတစ်လုံး ရှိနေပါသည်။

ဘီလူးလေးသည် ထိုသစ်လုံးအိမ်ဆီသို့ ဦးတည်ပြေးသွားခြင်း ဖြစ်သည်။

အိမ်တံခါးဖွင့်ထားသည်ဖြစ်ရာ အိမ်ထဲသို့တိုင် စွတ်ရွတ်ပြေးဝင်သွားလေတော့သည်။

တောင်ပိုင်းနယ်စား၏လူများသည် ဗြသံပေးကာ ပြေးလိုက်သွားပြီး သစ်လုံးအိမ်လေးအား ဝိုင်းရံထားလိုက်ကြလေသည်။

ရှောင်ကျင်းသည် သစ်ပင်တစ်ပင်၏နောက်ကွယ်မှနေပြီး အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

တောင်ပိုင်းနယ်စား၏လူများအနက် လူတစ်ယောက်က ရှေ့သို့လှမ်းထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကိုမြင်လျှင် ခြသေ့်ကြီးထိကျင်းဖြစ်ကြောင်း သိလိုက်လေသည်။

ထိကျင်း၏လက်ချက်ကြောင့် အဆိပ်အပ်ထိကာ အဆိပ်မိခဲ့ရသည်ကို ရှောင်ကျင်း တွေးလိုက်မိပြီး မကျေမနပ်ဖြစ်သွားလေသည်။

သို့သော် ...

ချက်ချင်း လှုပ်ရှားခြင်းမပြုဘဲ အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

ထိကျင်းသည် ရှေ့သို့ လှမ်းထွက်လိုက်ပြီး ...

"ဘီလူးလေး ... မင်း ပြေးလို့မလွတ်တော့ဘူး၊ ထွက်လာခဲ့စမ်း၊ ဒါမှမဟုတ်ရင် အိမ်ကို မီးရှို့ပစ်လိုက်မယ်"

ဟု ပြောလိုက်လေသည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် ...

"ထိကျင်း ... ရှင်က ကိုယ့်အချင်းချင်းတွေ ဘာကြောင့် ဒီလောက်တောင် ရက်စက်ချင်ရတာလဲ"

သစ်လုံးအိမ်ထဲမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်။ အမျိုးသမီးတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရ၏။

ထိုအမျိုးသမီးကိုမြင်လျှင် ...



"ဟင် ... မြေခွေး ကူးလျှံပါလား"

ရှောင်ကျင်း အံ့ဩသွားရပြန်သည်။

ထိကျင်းသည် ကူးလျှံကိုမြင်လျှင် ...

"ကူးလျှံ ... မင်းလည်း ဒီမှာရှိနေတာကိုး ... ကောင်းတယ်၊ ဘီလူးလေးကို ခေါ်လိုက်ပါဦး"

ဟု ပြောလေသည်။

"ကျုပ် ဒီမှာရှိတယ်"

ဘီလူးလေးက လှမ်းထွက်လာသည်။

သူတို့နှစ်ယောက်အား တွေ့ရလျှင် ...

"ဟား ... ဟား ... ဟား"

ထိကျင်းက ဟားတိုက်ရယ်မောလိုက်လေသည်။

ဘီလူး လေးနှင့်ကူးလျှံတို့ မကျေမနပ်ဖြစ်နေကြပါသည်။

ဘီလူးလေးက ...

"သူတို့က ကျုပ်အစ်ကိုဘီလူးကြီးကို သတ်ပစ်လိုက်ကြပြီဗျ၊ ခင်ဗျားရဲ့ယောကျ်ားကိုလည်း သူတို့သတ်ပစ်ခဲ့ကြတာပဲ၊ သူတို့ကို ကျုပ် ဘယ်တော့မှမကျေဘူး"

ဟု ပြောလေသည်။

ထိကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"နယ်စားကြီးက မင်းတို့ကို အလိုမရှိတော့ဘူးဆိုတော့ မင်းတို့ ရှေ့ကဆက်ပြီး အသက်ရှင်နေစရာအကြောင်း မရှိတော့ဘူး"

ကူးလျှံက ...

"ကောင်းပြီ၊ ရှင်တို့ ဘယ်လောက်တတ်နိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ထိကျင်းထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဘီလူးလေးသည် ငြာသံပေးကာ ခုန်ဝင်လာလေသည်။

သူတို့နှစ်ယောက်သည် ထိကျင်းကို ဦးတည်ကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

သို့သော် ...

"မလွှတ်စေနဲ့"

"တိုက်ကြဟေ့"

တောင်ပိုင်းနယ်စား၏လူများက ဝိုင်းရံတိုက်ခိုက်လာကြ၏။

သစ်လုံးအိမ်လေးရှေ့၌ ပြင်းထန်သောတိုက်ပွဲ ပေါ်ပေါက်လာလေသည်။

ကူးလျှံနှင့်ဘီလူးလေးတို့က အစွမ်းကုန် တိုက်ခိုက်လိုက်ကြရာ ...



'ဝုန်း'

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

တောင်ပိုင်းနယ်စား၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

ထိကျင်းက ...

"မင်းတို့ တယ်လည်း လက်သံပြောင်းနေပါလား၊ သိကြသေးတာပေါ့"

ဟု ကြိုးဝါးကာ ကိုယ်တိုင်ပွဲအတွင်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ကူးလျှံနှင့်ဘီလူးလေးတို့ကလည်း သဲကြီးမဲကြီး တိုက်ခိုက်လိုက်ကြ၏။

ရှောင်ကျင်းက တိုက်ပွဲကိုကြည့်နေသည်။

ထိုစဉ် ...

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



"အား"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ ထိကျင်း၊ ဘီလူးလေးနှင့် ကူးလျှံတို့ ပြိုင်တူနောက်ဆုတ်သွားကြလေသည်။

'ဖုတ်'

ဘီလူးလေးက မြေပေါ်လဲကျသွားသည်။

မရှေးမနှောင်းပင် ...

'ဝုန်း'

ထိကျင်းလည်း မြေပေါ်လဲကျသွားလေသည်။

ကူးလျှံက အံကြိတ်ကာ လက်ဖွေ့ယမ်းလိုက်သည်။

'ဝှစ် ... ဝှစ် ... ဝှစ်'

လက်နက်ပုန်းလေးများသည် တောင်ပိုင်းနယ်စား၏လူများထံသို့ လွင့်သွားလေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှအော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

တောင်ပိုင်းနယ်စား၏လူများ တစ်ယောက်ပြီးတစ်ယောက်



လဲကျ သွားကြလေသည်။

ကျန်လူများသည် ဆက်မနေဝံ့တော့ဘဲ ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။ ကူးလျှံတို့ အနိုင်ရလိုက်သည်ဟု ဆိုနိုင်ပေသည်။

သို့သော် ...

ထိကျင်းနှင့်တောင်ပိုင်းနယ်စား၏လူများ ခံလိုက်ရသလို ဘီလူးလေးသည်လည်း မြေပေါ်လဲကျကာ အသက်ပျောက်နေပြီ ဖြစ်လေသည်။

မြေပေါ်တွင် မားမားမတ်မတ် ရပ်နိုင်သူမှာ ကူးလျှံတစ်ယောက်တည်းသာ ရှိပါတော့သည်။

သို့တိုင် သူမသည်လည်း ဒဏ်ရာများရထားပြီ ဖြစ်လေသည်။

ကူးလျှံက ဘီလူးလေးကို လှမ်းကြည့်လိုက်၏။

ဘီလူးလေး သေဆုံးနေပြီဖြစ်သည်ကို တွေ့ရလျှင် ထိကျင်းဆီသို့ လှမ်းသွားပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။



ထိကျင်းသည် အသက်ပျောက်နေပြီ ဖြစ်ပါသည်။

ကူးလျှံက မြေပေါ်တံတွေးထွေးချလိုက်ပြီး ...

"ထွီ ... တောင်ပိုင်းနယ်စားကို ငါကိုယ်တိုင် သတ်ပစ်မယ်ဟေ့"

ဟု ကြုံးဝါးလိုက်လေသည်။

ထိုစဉ် ...

'ဟား ... ဟား ... ဟား'

'ဟား ... ဟား ... ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာလေသည်။

ကူးလျှံသည် လှမ်းကြည့်လိုက်သောအခါ တောင်ပိုင်းနယ်စား၏လူယုံတော် ဝိပါသည် ကြေးစားသိုင်းသမားတို့အား ဦးဆောင်ကာ ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ကူးလျှံ အံကြိတ်လိုက်သည်။

"လာခဲ့ကြစမ်း"

ဓားတစ်လက်ဆွဲထုတ်ကာ စိန်ခေါ်လိုက်လေသည်။

ဝိပါက ...

"ကဲ ... သူ့ကို ရှင်းပစ်လိုက်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလိုက်သည်။

တောင်ပိုင်းနယ်စားခေါ်ယူထားသော ကြေးစားသမားများသည် ချက်ချင်းပင် ကူးလျှိုကို ဝိုင်းရံထားလိုက်ကြလေသည်။

ကူးလျှိုက ဓားဖွေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ...

'ရွှပ်'

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကြေးစားသိုင်းသမားများ လဲကျသွားကြသလို ကူးလျှိုလည်း ဒဏ်ရာများ ရရှိသွားလေသည်။

ဝိပါ မကျေမနပ် ဖြစ်သွားသည်။

"သိကြသေးတာပေါ့"

ဟု ကြုံးဝါးကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ဝိပါက အသာစီးယူကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။



ကူးလျှိုက အပြင်းအထန် ခုခံနေသည့်ကြားမှပင် ...

"အား"

ဝိပါ၏ဓားချက်မိကာ မြေပေါ်လဲကျသွားလေသည်။

"ဟား ... ဟား ... ဟား"

ဝိပါက ဟားတိုက်ရယ်မောလိုက်သည်။ ကြေးစားသိုင်းသမားများအား လက်ဖွေ့ယမ်းပြလိုက်ပြီး ...

"သူ့ကို ရှင်းပစ်လိုက်ကြ"

ဟု အမိန့်ပေးလိုက်လေသည်။

ကြေးစားသိုင်းသမားများ သည် ချက်ချင်းပင် ကူးလျှိုထံသို့ ချဉ်းကပ်သွားလိုက်ကြလေသည်။

ကူးလျှိုကား လူးလိမ့်ထလိုက်သော်လည်း ဒယီးဒယိုင်ဖြစ်နေသည်။

သူမ ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီဖြစ်ပါသည်။

ကြေးစားသိုင်းသမားများသည် ကူးလျှိုအား သုတ်သင်ရန် ဟန်ပြင်လိုက်စဉ် ...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



စူးရှသော အော်ဟစ်သံများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

✳

ဝိပါ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

မြေပေါ် လဲကျသွားသော ကြေးစားသိုင်းသမားများကို မျက်လုံးပြူးကာ ကြည့်လိုက်မိလေသည်။

ထိုစဉ် ...

"ရှင်တို့ ထွက်မသွားကြသေးဘူးလား"

ချိုလွင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်။

ဝိပါ လှမ်းကြည့်လိုက်သောအခါ တောအုပ်ထဲမှ အနက်ရောင်ဝတ်ဆင်ထားကာ ဓာပဝါဖုံးအုပ်ထားသော မိန်းကလေးတစ်ယောက် ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ကျင်းရင်ထဲ လှုပ်ရှားသွားသည်။

ထူးခြားသော မိန်းကလေးကို တွေ့ရပြန်ပြီ မဟုတ်ပါလား။

ဝိပါသည် ထိုမိန်းကလေးကိုမြင်လျှင် မျက်နှာပျက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ တရွေ့ရွေ့ ဆုတ်သွားပြီး ချာခနဲလှည့်ကာ ထွက်ပြေးသွားတော့သည်။

သို့သော် ...

"ဒီလိုပြေးလို့ လွတ်မလား"

ကူးလျှံက အော်ငေါက်ကာ ဓားဖြင့် ပေါက်လိုက်လျှင် ဓားသည် ဝိပါ၏ကျောပြင်ကို တည့်တည့်မတ်မတ် စိုက်ဝင်သွားပြီး ...

'ဒုတ်'

"အား"

ငယ်သံပါအောင် အော်ဟစ်ကာ မြေပေါ်လဲကျသွားလေသည်။

ကြေးစားသိုင်းသမားများကား ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

✳



ဇာပဝါနက်နှင့်မိန်းကလေးသည် ကူးလျှံအနီးသို့ လှမ်းသွားလိုက်၏။

ကူးလျှံက ...

"ညည်းက ဇွဲအသက်ကိုကယ်တာ ဒါပါနဲ့ဆို နှစ်ခါရှိသွားပြီ"

ဟု ပြောလေသည်။

မိန်းကလေးက ...

"ကျွန်မကို ကျေးဇူးတင်စရာ မလိုပါဘူးရှင်၊ ကျေးဇူးတင်ရင် သက်တော်ရှည်အမတ်ကြီးရှေ့မှာ တောင်ပိုင်းနယ်စားရဲ့မကောင်းမှုတွေကို သက်သေခံဖော်ထုတ်ဖို့ပါပဲ"

ကူးလျှံက ...

"စိတ်ချ၊ ကျုပ် အခုချက်ချင်း သက်တော်ရှည်အမတ်ကောင်းကျင့်နဲ့ သွားတွေ့မယ်"

မိန်းကလေး ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကျွန်မတို့ သွားကြမယ်"

သူတို့သည် ထွက်ခွာသွားရန် ဟန်ပြင်လိုက်ကြ၏။

ရှောင်ကျင်း မနေနိုင်တော့ပါ။

သစ်ပင်နောက်ကွယ်မှ လှမ်းထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

"ညည်းသွားလို့ရမလား"

အော်ငေါက်သံနှင့်အတူ လူရိပ်တစ်ရိပ် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✳

အော်ငေါက်သံ ထွက်ပေါ်လာသည်။

အဘွားအိုတစ်ယောက် ရောက်ရှိလာလေသည်။

ထိုအဘွားအိုကိုမြင်လျှင် ရှောင်ကျင်း ရင်ထိတ်သွားသည်။

မိုးဘီလူးမယ်တော် ယင်ကွမ်းဖြစ်နေသည် မဟုတ်ပါလား။

မိန်းကလေးသည် ယင်ကွမ်းကိုမြင်လျှင် ...

"ဩော် ... ရှင်ကိုး"

ယင်ကွမ်းက နှာခေါင်းရှုံ့လိုက်သည်။

"ဒီတစ်ခါ ညည်းပြေးလို့မရတော့ပါဘူး၊ ကဲ ... ငါ့ဆီက ယူသွားတဲ့ ရွှေဆေးကိုပေးစမ်း"

သူ လက်ဝါးဖြန့်ကာ တောင်းလိုက်လေသည်။

မိန်းကလေးက ...

"ရွှေဆေး ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ရယ်မောလိုက်သည်။

"ရွှေဆေးက ရှင့်ပစ္စည်းမှ မဟုတ်တာ"

"ဘာပြောတယ်"

"ရွှေဆေးဟာ နတ်ဆေးဆရာမုကျီ ပိုင်တဲ့ပစ္စည်းပဲ မဟုတ်လား"

ယင်ကွမ်းက ...

"မလိုချင်ဘူး၊ ငါ့ဆီက ညည်း ခိုးယူသွားတာပဲ၊ ပြန်ပေးမလား၊ မပေးဘူးလား ပြော"

မိန်းကလေးက ...

"ကျွန်မ လိုချင်လို့ ယူသွားတာပဲရှင်၊ ဘာကြောင့် ပြန်ပေးရမှာလဲရှင့်"

ယင်ကွမ်း ဒေါသထွက်သွားလေသည်။

"ညည်း သေဖို့သာပြင်ထား"

ဟု အော်ငေါက်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

မိန်းကလေးသည် ပေါ့ပါးသွက်လက်စွာ လူပ်ရှားရင်း ပွတ်ကာသီကာ ရှောင်တိမ်းနေ၏။



ရှောင်ကျင်း မနေနိုင်တော့ပါ။

သစ်ပင်နောက်မှ ခုန်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

"ရှင်က ရွှေဆေးကို လိုချင်လို့လား"

မိန်းကလေး၏စကားသံ ထွက်ပေါ်လာ၏။

ယင်ကွမ်းက ...

"ဟုတ်တယ်"

မိန်းကလေးက ...

"ဒါဖြင့် သူ့ဆီမှာ သွားတောင်း"

ရှောင်ကျင်းရှိသောနေရာဆီသို့ ညွှန်ပြကာ ပြောလိုက်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက သစ်ပင်နောက်ကွယ်မှ ထွက်လာပြီဖြစ်လေသည်။

ယင်ကွမ်း မျက်မှောင်ကြုတ်သွားလေသည်။

ရှောင်ကျင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ရင်း မိန်းကလေးက ရယ်မောလိုက်လေသည်။

"ရှင်လိုချင်ရင် သူ့ဆီမှာ တောင်းပါ"

ဟု ပြောလေသည်။

ယင်ကွမ်းက ...

"ရွှေဆေးက သူ့ဆီမှာ ဟုတ်လား"

"ဟုတ်တယ်"

ယင်ကွမ်းက ရှောင်ကျင်းဘက်သို့လှည့်ကာ ...

"ရွှေဆေး ဘယ်မှာလဲ ပေးစမ်း"

ဟု တောင်းလိုက်သည်။



မိန်းကလေးက ...

"ရွှေဆေးကို သူသောက်လိုက်ပြီရှင့်"

"ဘာ"

"သူက အဆိပ်မိထားတယ်၊ အတွင်းဒဏ်ရာရထားတယ်၊ ဒါကြောင့် ကျွန်မက ရှင့်ဆီက ရွှေဆေးကိုခိုးယူပြီး သူ့ကိုတိုက်လိုက်တာလေ"

"ညည်း ... ညည်း"

ယင်ကွမ်းသည် ဒေါသမထိန်းနိုင်တော့ဘဲ မိန်းကလေးထံ ဝင်တိုက်ခိုက်လိုက်လေသည်။

ရှောင်ကျင်း မနေနိုင်တော့ပါ။

"ရပ်လိုက်"

ဟု အော်ပြောရင်း မိန်းကလေးရှေ့သို့ ခုန်ဝင်လိုက်လေသည်။

ဤတွင် ရှောင်ကျင်းနှင့်ယင်ကွမ်းတို့ ထိပ်တိုက်ရင်ဆိုင်မိကြသလို ဖြစ်သွားလေတော့သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ရှောင်ကျင်း မလှုပ်မယှက်ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်ကွမ်းမှာမူ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

✳



ယင်ကွမ်း မျက်နှာရှုံ့မဲ့နေသည်။

မျက်လုံးပြူးကြီးများဖြင့် ရှောင်ကျင်းကို ကြည့်နေ၏။

မိန်းကလေးက ...

"ရွှေဆေးကို သူသောက်လိုက်ပြီဆိုတာ ရှင် ယုံပြီလား"

ဟု ပြောလိုက်သည်။

ယင်ကွမ်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

သို့သော် ...

ရှောင်ကျင်းအား မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်ကြောင်း သဘောပေါက်မိသဖြင့် တိုက်ခိုက်ခြင်းမပြုချေ။

ထိုစဉ် ...

"တကယ့်ကို အစွမ်းထက်တဲ့ဆေးကောင်းတစ်လက်ဖြစ်တယ်ဆိုတာ ကျုပ် ယုံကြည်ပါတယ်ဗျာ"

စကားသံ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလှမ်းကြည့်လိုက်ကြသောအခါ လူပုအဘိုးအို (ဝါ) နတ်ဆေးဆရာမုကျို ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

မုကျိုကိုမြင်လျှင် ယင်ကွမ်း မနေဝံ့တော့ဘဲ ထွက်ပြေးသွားလေတော့သည်။

✳



မိန်းကလေးက နောက်ဆုတ်လိုက်သည်။

သူမသည် နတ်ဆေးဆရာမုကျိုကိုတော့ စိုးရွံ့ပုံရကြောင်း ရှောင်ကျင်း သတိပြုလိုက်မိလေသည်။

မိမိလည်း သတိထားရမည်ဟု မှတ်ယူလိုက်သည်။

မုကျိုက ရှောင်ကျင်းနှင့် မိန်းကလေးတို့အား တစ်လှည့်စီ ကြည့်လိုက်ပြီး ...

"မိန်းကလေး မင်းက ယင်ကွမ်းဆီက ရွှေဆေးကို ခိုးသွားခဲ့တယ် မဟုတ်လား"

ဟု မေးလေသည်။

မိန်းကလေးက ...

"ဟုတ်တယ်"

မုကျိုက ရှောင်ကျင်းဘက်သို့လှည့်ကာ ...

"မင်းက သောက်လိုက်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးပြန်သည်။

ရှောင်ကျင်းက ...

"ဟုတ်ပါတယ်ဗျာ"

အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

မုကျိုက ...

"ရွှေဆေးဟာ ငါပိုင်ဆိုင်တဲ့ပစ္စည်းဆိုတာ မင်းတို့ မသိကြဘူးလား၊ ရှားပါးတဲ့ဆေးမြစ်တွေ၊ ပရဆေးတွေနဲ့ နှစ်ပေါင်းသုံးဆယ်ကျော် ဖော်စပ်ပြီးမှ ရွှေဆေးတစ်လုံးပဲ ရခဲ့တာ၊ မင်းတို့ ယူသောက်လိုက်ကြပြီဆိုတော့ ကျုပ် ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

ရှောင်ကျင်းသည် ဘုမသိဘမသိ ရွှေဆေးကို သောက်ခဲ့သူမို့ အားနာသွားပြီး ...

"ဒါဖြင့် ကျွန်တော် ဘာလုပ်ပေးရမလဲခင်ဗျာ"

ဟု မေးလိုက်လေသည်။

မုကျိုက ...

"လွယ်ပါတယ်၊ မင်းခန္ဓာကိုယ်ထဲက သွေးတွေအားလုံး နှုတ်ယူပြီး ဆေးပြန်ဖော်ရမှာပေါ့"

"ဗျာ"

"မင်းက ငါ့နောက်ကို လိုက်ခဲ့ရမယ်"



မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတစ်ယောက်လုံး ရှိနေပါလျက်နဲ့ ရှင် ခေါ်သွားလို့ မရပါဘူး"

"ဩော်"

မုကျိုက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကောင်းတယ် ... ကောင်းတယ်"

စကားဆုံးလျှင် မိန်းကလေးထံသို့ လှမ်းသွားလိုက်လေသည်။

မိန်းကလေး နောက်ဆုတ်လိုက်သည်။

ရှောင်ကျင်း မနေနိုင်တော့ပါ။

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

ဟု ပြောကာ မုကျိုနှင့် ရင်ဆိုင်လိုက်လေသည်။

မုကျို ရယ်မောလိုက်သည်။

"ကောင်းတယ်၊ မင်းတို့နှစ်ယောက်စလုံး တစ်ခါတည်းသာ ဝင်လာကြပေတော့"

မိန်းကလေးက ...

"ရှောင်ကျင်း ရှင်ထွက်သွားပါ"

ဟု လှမ်းပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက …

"ကျုပ် ဘာကြောင့်ထွက်သွားရမှာလဲ"

မိန်းကလေးက …

"ရှင် ဒုက္ခရောက်သွားလိမ့်မယ်"

"ကိစ္စမရှိဘူး"

"ရှင်"

မိန်းကလေးသည် ရှောင်ကျင်းအား တားဆီး၍မရနိုင်မှန်း သဘောပေါက်လိုက်သဖြင့် ပါးစပ်ပိတ်ထားလိုက်လေသည်။

မုကျိုက …

"မင်းတို့ သတိသာထားကြပေတော့"

ဟု အော်ငေါက်ကာ စတင်တိုက်ခိုက်လာလေသည်။

✳



မုကျိုသည် အရပ်ပုသော အဘိုးအိုတစ်ယောက်ဖြစ်သည်။

သို့သော် …

သူက တိုက်ခိုက်လာသောအခါ အပေါ်ခုန်တက်ပြီး လေထဲပျံဝဲကာ ငှက်တစ်ကောင်အသွင်မျိုးဖြင့် တိုက်ခိုက်လာခြင်းဖြစ်လေသည်။

ရှောင်ကျင်း ရင်ထိတ်သွားသည်။

မုကျိုအသုံးပြုသော သိုင်းကွက်မှာ ထူးခြားနေသည် မဟုတ်ပါလား။

လူပုအဘိုးအိုဆို၍ အောက်သို့ငုံ့မကြည့်ရဘဲ အပေါ်မော့ကြည့်ကာ ရင်ဆိုင်နေရလေတော့သည်။

မုကျိုသည် …

လေထဲပျံဝဲရင်း လက်ဝါးနှစ်ဖက်ဖြင့်လည်းကောင်း၊ ခြေထောက်နှစ်ဖက်ဖြင့်လည်းကောင်း အဆက်မပြတ် ရိုက်ထုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကျောက် တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးနှင့် ရှောင်ကျင်တို့ သတိထားနေသည့်ကြားမှပင် ...

'ဝုန်း'

'ဝုန်း'

မုကျိ၏ခြေထောက်ကန်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားကြလေသည်။

"ဟား ... ဟား ... ဟား"

မုကျိက ဟားတိုက်ရယ်မောရင်း မြေပေါ်ခုန်ဆင်းလိုက်လေသည်။

ရှောင်ကျင်းနှင့်မိန်းကလေးတို့ ပြိုင်တူ လူးလိမ့်ထလိုက်ကြ၏။

မိန်းကလေးက ...

"သူ့ကိုယှဉ်ဖို့မလွယ်ဘူး ...

ရှင် မြန်မြန်ထွက်သွားပါ"

ဟု တီးတိုးပြောလာသည်။ ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသွားဘူး"



"ရှင်က"

"ကျုပ်က ဖြစ်တဲ့နည်းနဲ့ သူ့ကို ရင်ဆိုင်မှာပဲ"

မိန်းကလေး သက်ပြင်းချလိုက်လေသည်။

ထိုစဉ် ...

"သတိထားကြဟေ့"

မုကျိက ဩသံပေးရင်း ပြေးဝင်လာလေသည်။

ရှောင်ကျင်း အံကြိတ်လိုက်သည်။

မြေပေါ်ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်ပြီး လေထဲကျွမ်းတစ်ပတ်ပစ်ကာ မုကျိနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

မိန်းကလေးသည်လည်း မတတ်သာတော့ဘဲ လေထဲခုန်တက်လာသည်။

လေပေါ်တွင် ပျံဝဲနေသော မုကျိနှင့်ထိပ်တိုက်ရင်ဆိုင်လိုက်၏။

သုံးယောက်သား အပြန်အလှန်တိုက်ခိုက်ကြပြီး ...

'ဝုန်း'

'ဝုန်း'

'ဝုန်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်း၊ မိန်းကလေးနှင့် မုကျိုတို့သုံးယောက်စလုံး မြေပေါ်ပြုတ်ကျသွားကြလေတော့သည်။

✳



✱

မိန်းကလေးက မြေပေါ်မှ ခုန်ထလိုက်၏။ သူမ၏နှုတ်ခမ်းထောင့်မှ သွေးယိုစီးကျနေသည်။

မုကျိုသည်လည်း မျက်နှာပျက်နေ၏။

ရှောင်ကျင်းကား ထူးထူးခြားခြား ဘာမှမဖြစ်ချေ။

မုကျိုက ရှောင်ကျင်းအား မုန်းတီးစွာကြည့်ရင်း ...

"မင်း ... မင်း ... ငါ့ရဲ့ရွှေဆေးကိုစားပြီး ခံနိုင်ရည်ရှိနေပြီပေါ့"

ဟု ပြောလေသည်။

မိန်းကလေးက သူမ၏နှုတ်ခမ်းထောင့်မှသွေးများကို သုတ်ပစ်ရင်း ...

"မုကျို ... သိုင်းလောကမှာ နောက်ထပ် ထင်ရာစိုင်းလို့မရတော့ဘူးဆိုတာ ရှင် မှတ်ထားပါ"

ဟု အော်ပြောကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် အခြေအနေကို သဘောပေါက်လိုက်သည်။

မိန်းကလေးက တိုက်စစ်ဆင်ရမည်မို့ စတင်တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါလား။

ရှောင်ကျင်းလည်း တုံ့ဆိုင်းမနေတော့ဘဲ ...

"ယား"

ဩသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

မုက္ကျိသည် ချက်ချင်းပင် အပေါ်ခုန်တက်ကာ ရှောင်တိမ်းရန် ကြိုးစားပါသော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ မုက္ကျိ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✳



မုက္ကျိ မြေပေါ်လဲနေ၏။

ယခုကဲ့သို့ ရှုံးနိမ့်သွားရမည်ကို နောက်ဆုံးအချိန်ထိ ယုံကြည်သွားပုံမရပါချေ။

ရှောင်ကျင်းနှင့်မိန်းကလေးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့နှစ်ယောက် ...

ပူးပေါင်းတိုက်ခိုက်လိုက်ကြခြင်းဖြင့် ရန်သူကို အနိုင်ရလိုက်ပြီ မဟုတ်ပါလား။

မိန်းကလေးက ...

"ရွှေဆေးဟာ တော်တော်စွမ်းတာပဲရှင့်"

ဟု ပြောလေသည်။

ရှောင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ...

"ကျွန်မက ရှင်ရဲ့အဆိပ်တွေ ပျောက်သွားစေချင်တာနဲ့ ဆေးကိုယူလာခဲ့တာ၊ ရှင်က ကောင်းသွားတယ်"

"ဟုတ်ပါတယ်ဗျာ"

မိန်းကလေးက ...

"ရှင့်ရဲ့သိုင်းပညာသာ ခုထက် နည်းနည်းပိုပြီး တိုးတက်မယ်ဆိုရင် တော်ရုံတန်ရုံ သိုင်းထိပ်သီးတွေကိုတောင် မှုစရာမလိုတော့ဘူးရှင့်"

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

သိုင်းကဝိကျူးစင်၏ နောက်ဆုံးသိုင်းအဆင့်ဖြစ်သော နေလတိုက်ကွက်ကို သူက သင်ကြားခဲ့ရပါသည်။

သို့သော် စိတ်ပါလက်ပါမရှိသဖြင့် အောင်မြင်ခြင်း မရှိပေ။

အကယ်၍ ...

နေလတိုက်ကွက်ကိုသာ သူက တတ်မြောက်ခဲ့မည်ဆိုပါလျှင် ...

မိန်းကလေးက ...

"ရှင့်အဖေရဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့ နီးစပ်လာပြီထင်ပါရဲ့"



ရှောင်ကျင်းက ...

"ဟုတ်ပါတယ်ဗျာ ... မကြာခင်မှာပဲ ဖြေရှင်းနိုင်တော့မှာပါ"

မိန်းကလေးသည် ကူးလျှံကို ညွှန်ပြလိုက်ပြီး ...

"သူက ရှင့်အတွက် သက်သေခံပေးမှာပါ"

ကူးလျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခုပဲ သက်တော်ရှည်အမတ်ကြီးဆီ သွားကြတာပေါ့"

ဟု ပြောလေသည်။

"ဟင်း"

ရှောင်ကျင်း သက်ပြင်းချလိုက်သည်။

"ကျုပ် သက်တော်ရှည်အမတ်ကြီးနဲ့ တွေ့ပြီးပါပြီ"

"ဟင်"

မိန်းကလေး အံ့သြသွားလေသည်။

"ရှင် တွေ့ပြီးပြီ ... ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

မိန်းကလေးက ...

"ဒါဖြင့် ..."

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက ...

"ကျုပ်အဖေရဲ့ကိစ္စ ဖြေရှင်းနိုင်ဖို့ရာ သက်သေခံ စာနှစ်စောင် လိုအပ်နေပါတယ်၊ အဲဒီစာနှစ်စောင်ကို တင်ပြနိုင်မှသာ ဖြေရှင်းလို့ရမယ်ဆိုတာ သက်တော်ရှည်အမတ်ကြီးက ပြောလိုက်ပါတယ်"

မိန်းကလေးက မျက်မှောင်ကုတ်သွားပြီး ...

"အဲဒီစာနှစ်စောင်က ဘယ်မှာလဲ"

ဟု မေးလေသည်။

ရှောင်ကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း မသိပါဘူးဗျာ"

မိန်းကလေး ငိုင်သွားသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ဟု ညည်းတွားလိုက်၏။

ထိုစဉ် ...

"ဘာလုပ်ရမလဲဆိုတော့ အေးအေးဆေးဆေး အဖမ်းခံပေါ့"

ကျယ်လောင်သောစကားသံ ထွက်ပေါ်လာလေသည်။

ရှောင်ကျင်းတို့လှမ်းကြည့်လိုက်သောအခါ ...



ကျားပွတ်ကိုင်ဆောင်သော ခေါင်းတုံးကြီးနှင့် တောင်ပိုင်းနယ်စားတပ်၏လူများ ရောက်ရှိလာကြပြန်သည်ကို တွေ့လိုက်ရလေသည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတုံးကြီးခေါင်းဆောင်သော တောင်ပိုင်းနယ်စား၏လူများ ရောက်ရှိလာကြလေသည်။

ရှောင်ကျင်းအား ခြေရာခံမိသွားပြီး တစ်သုတ်ပြီး တစ်သုတ်ရောက်ရှိလာကြခြင်း ဖြစ်ပုံရလေသည်။

ကူးလျှံက ...

"မင်းတို့က သက်သေခံစာနှစ်စောင်ကို တွေ့အောင်ရှာကြပါ၊ ကျုပ်က သူတို့ကို ဟန့်တားထားမယ်"

ဟု ပြောလာလေသည်။

မိန်းကလေးက ...

"ကျွန်မတို့ ထွက်သွားရမယ် ... ဟုတ်လား"

ကူးလျှံက ...

"ခုချိန်မှာ မင်းတို့ ရှောင်တိမ်းသွားတာ အကောင်းဆုံးပဲ၊ တောင်ပိုင်းနယ်စားရဲ့လူတွေဟာ တို့ကို ခြေရာခံမိသွားကြပြီဆိုတော့



တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြလိမ့်မယ်၊ သူတို့ လူစုလူဝေးနဲ့ရောက်လာရင် ထွက်သွားနိုင်ဖို့ဆိုတာ မလွယ်တော့ဘူး"

ရှောင်ကျင်းနှင့်မိန်းကလေးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြလေသည်။

ထိုစဉ် ...

"မင်းတို့ ထွက်သွားလို့ရမလား"

ခေါင်းတုံးကြီးက အော်ငေါက်ကာ ကျာပွတ်ကို ဝှေ့ယမ်းရင်းပြေးဝင်တိုက်ခိုက်လာလေတော့သည်။

ကူးလျှံက ...

"မင်းတို့ထွက်သွားကြပေတော့"

ဟု ပြောကာ ခေါင်းတုံးကြီးနှင့် ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးက ...

"ကျွန်မတို့သွားကြရအောင်"

ဟု ပြောသောအခါ ရှောင်ကျင်း ခေါင်းခါယမ်းလိုက်လေသည်။

"သွားလို့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရောက်လာကြပြီလေ"

"ရှင်"

မိန်းကလေးသည် ရှောင်ကျင်း ကြည့်နေသောနေရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ လူပုနဂါးခုနစ်ဖော် ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*



လူပုနဂါးခုနစ်ဖော် ရောက်ရှိလာကြပြီဖြစ်သည်။

သူတို့အကြောင်းကို ရှောင်ကျင်းက လက်တွေ့သိမြင်ထားပြီး ဖြစ်သည်။

မိန်းကလေးသည်လည်း လူပုနဂါးခုနစ်ဖော်အကြောင်း သိထားပုံရ၏။

"သူတို့ကို ကျွန်မ ဟန့်တားထားမယ်၊ ရှင် မြန်မြန်ထွက်သွားပါ"

ဟု ပြောလာ၏။

ရှောင်ကျင်းက ...

"ကျုပ်ထွက်သွားတော့ရော သူတို့က အလွတ်ပေးမှာလား"

မိန်းကလေး ပါးစပ်ပိတ်ထားလိုက်လေသည်။

လူပုနဂါး ခုနစ်ဖော်အနက် အသက်အကြီးဆုံးဖြစ်သော အမှတ်တစ်သည် မြေပေါ်လဲကျနေသည့် မုကျိုကိုကြည့်ပြီး ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်ညိတ်လိုက်သည်။

"နယ်စားကြီးအတွက် တာဝန်ကျေအောင် မဆောင်ရွက်နိုင်ရင် ခုလိုပဲ ဖြစ်ရမှာပေါ့"

ဟု ပြော၏။

တစ်ဖန် ခေါင်းတုံးကြီးနှင့် တိုက်ခိုက်နေသော ကူးလျှံကို ကြည့်ကာ ...

"တော်တော်ရှုပ်တဲ့ မြေခွေးမပဲ"

ဟု ပြောကာ လက်ဝှေ့ယမ်းလိုက်လေသည်။

ထိုအခါ ...

အလင်းတန်းတစ်ခုသည် ကူးလျှံထံသို့ ပစ်လွှင့်သွားပြီး ...

"အမယ်လေး"

ကူးလျှံသည် ရူးရှစ္စာအော်ဟစ်ကာ မြေပေါ် ဘိုင်းခန့်လဲကျသွားလေတော့သည်။

ခေါင်းတုံးကြီးက အမှတ်တစ်ကို ဦးညွှတ်ရင်း ...

"ကျေးဇူးပါပဲ"

ဟု ပြောလိုက်၏။

အမှတ်တစ်က ဂရုမစိုက်ဘဲ ရှောင်ကျင်းတို့ဘက်သို့ လှည့်ကာ ...



"မင်းတို့ အဖမ်းခံမလား၊ အသေခံမလား၊ ကြိုက်တဲ့လမ်းကို ရွေးကြပါ"

ဟု ပြောလာလေသည်။

မိန်းကလေးက ...

"ရှင်တို့ရော အသေခံမလား၊ ဒီက ထွက်သွားကြမလား၊ ကြိုက်တဲ့လမ်းကို ရွေးကြပါ"

ဟု အားကျမခံ ပြန်ပြောလိုက်လေသည်။ အမှတ်တစ် ဒေါပွသွားလေသည်။

"မင်းတို့ သေချင်နေကြပြီကိုး ... ကောင်းပြီ"

စကားဆုံးသည်နှင့် လျှပ်တစ်ပြက် ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးက ...

"သွားစမ်း"

ဟု ငေါက်ကာ ခြေထောက်ဖြင့် ဆီးကန်လိုက်၏။

ရှောင်ကျင်းက ...

"သတိထား"

ဟု အော်ဟစ်သတိပေးလိုက်သည်။

ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တစ် သည် မြေပေါ်၌ ခုန်ဆွခုန်ဆွဖြင့် ပြေးလာပြီး ဆီး၍ကန်လိုက်သော မိန်းကလေး၏ခြေထောက်ပေါ် ခုန်တက်လိုက်သည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် မိန်းကလေး ကြောင်အမ်းအမ်း ဖြစ်သွားစဉ်မှာပင် အမှတ်တစ်၏တိုက်ခိုက်မှုကို ခံလိုက်ရလေတော့သည်။

'ဝုန်း'

'အွန့်'

မိန်းကလေး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး မြေပေါ် ဖင်ထိုင်လဲကျသွားလေသည်။

"ညီမ"

ရှောင်ကျင်း စိုးရိမ်သွားကာ ကပျာကယာ ဖေးမလိုက်ရလေသည်။

လူပုနဂါးခုနစ်ဖော်က သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

'ဟား ... ဟား ... ဟား'

ရှောင်ကျင်း ခံပြင်းသွားသည်။

'တောက်'



"ရှင် မြန်မြန်ထွက်သွားပါတော့"

မိန်းကလေး တိုက်တွန်းနေသည့်ကြားမှပင် ရှောင်ကျင်းမှာ လူပုနဂါးခုနစ်ဖော်နှင့် ရင်ဆိုင်လိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## သတို့သမီး

ရှောင်ကျင်းက မိန်းကလေးကို ဖေးမလိုက်သည်။မိန်းကလေးက ...

"ရှင် မြန်မြန်ထွက်သွားပါ၊ သူတို့ကို ရှင်လည်း ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး"

ဟု စိုးရိမ်တကြီး ပြောလေသည်။

ရှောင်ကျင်းက ...

"မင်းရော"

ဟု မေးလိုက်သည်။

မိန်းကလေးက ...

"ကျွန်မက သူတို့ကို ဟန့်တားထားမယ်"

ရှောင်ကျင်း ပြုံးလိုက်လေသည်။

"မင်းကရော သူတို့ကို ယှဉ်နိုင်ပါ့မလား"

မိန်းကလေး ပါးစပ်ပိတ်ထားလိုက်လေသည်။



ရှောင်ကျင်း က ...

"မင်းမသွားရင် ကျုပ်လည်းမသွားဘူး"

"ရှင် ... ရှင်"

"မင်းက ကျုပ်ကို ကူညီခဲ့ပေါင်းများနေပြီ၊ မင်းရဲ့ကျေးဇူးတွေ ကျုပ်အပေါ်မှာ အများကြီးရှိနေပြီ၊ ဒါကြောင့် မင်းကိုထားပြီး မသွားနိုင်ဘူး"

"ရှင်"

မိန်းကလေး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ရှောင်ကျင်းက ...

"ကဲ ... ဒီမှာနေရင် အန္တရာယ်များတယ်၊ မင်း ထွက်သွားပေတော့"

မိန်းကလေးက ...

"ရှင် ... ရှင်က"

"ကျုပ်က သူတို့ကို ကောင်းကောင်းကြီး ရင်ဆိုင်နိုင်ပါတယ်"

ရှောင်ကျင်းက ရင်ကော့ပြီး ပြောလိုက်လေသည်။

ထိုစဉ် ...

"ကျုပ်တို့ကို ရင်ဆိုင်နိုင်တယ်ဆိုတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



စကားသံနှင့်အတူ လူပုခုနစ်ဖော်အနက် အမှတ်တစ်က ရှောင်ကျင်းထံ ပြေးဝင်တိုက်ခိုက်လာလေတော့သည်။

✳



ရှောင်ကျင်းထံသို့ အမှတ်တစ် ပြေးဝင်တိုက်ခိုက်လာသည်နှင့် ချက်ချင်းပင် ...

ရှောင်ကျင်းက အတွင်းအားကို စုစည်းလိုက်သည်။

သိုင်းကဝိကျူးစင် သင်ကြားပေးလိုက်သော သိုင်းကွက်များကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

နစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

အမှတ် တစ်သည် ရှောင်ကျင်း၏လက်ဝါးရိုက်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားလေသည်။

"ဟင်"

"ဟာ"

ကျန်လူပုလေးများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါ ရင့်သိုင်းသမားတစ်ယောက်ဖြစ်သော အမှတ်တစ်သည် လူငယ်လူရွယ်လေးတစ်ယောက်ဖြစ်သော ရှောင်ကျင်း၏လက်ချက်ဖြင့် ခံလိုက်ရပြီမဟုတ်ပါလော။

လူပုလေးများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး ...

"ယား"

ဗြသံပေးကာ ရှောင်ကျင်းထံ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ရှောင်ကျင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသည်။

မကြာမီ ...

'ဝုန်း ... ဝုန်း ... ဝုန်း'

"အား"

"အွန့်"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ လူပုလေးများ လွင့်စဉ်သွားကြသလို ရှောင်ကျင်းလည်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ရှောင်ကျင်း ဒဏ်ရာရသွားသည်။



လူပုလေးများလည်း ဒဏ်ရာရသွားကြလေသည်။

သို့သော် သူတို့က မမှုဘဲ ချက်ချင်းပြန်လည် တိုက်စစ်ဆင်လာကြလေသည်။

ရှောင်ကျင်းအား ဝိုင်းရံလိုက်ကြသည်။

ထို့နောက် ...

တစ်ယောက်ဝင် တစ်ယောက်ထွက်စနစ်ဖြင့် တိုက်ခိုက်လာကြ၏။

သူတို့၏လက်ထဲတွင် ကိုင်ဆောင်ထားသော စုတ်တံကဲ့သို့သော လက်နက်ဖြင့် ထိုးနှက်လာကြသည်။

ရှောင်ကျင်းမှာ လက်နက်မဲ့ဖြစ်နေသည်။

သူက လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ရိုက်ချနေသည့်တိုင် လူပုလေးများက ပွတ်ကာသီကာ ရှောင်တိမ်းသွားကြသည်။

အခွင့်အရေးရလျှင်ရသလို စုတ်တံလက်နက် ထိုးနှက်ကြသဖြင့် ရှောင်ကျင်း၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ဖြစ်ပေါ်လာသည်။

မိန်းကလေး မနေနိုင်တော့ပါ။

"ယား"

www.burmeseclassic.com

www.burmeseclassic.com



ဖြဲသံပေးကာ ခုန်ဝင်လာလေသည်။

လူပုနဂါးခုနစ်ယောက်အနက် ငါးယောက်က ရှောင်ကျင်းကို ဝိုင်းထားပြီး ဒဏ်ရာရထားသော အမှတ်တစ်နှင့်အမှတ်နှစ်တို့က လူစုခွဲကာ မိန်းကလေးကို တိုက်ခိုက်လိုက်ကြလေသည်။

မိန်းကလေးမှာ လူပုလေးနှစ်ယောက်၏ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခံလိုက်ရလျှင် ...

"အမယ်လေး"

အထိတ်တလန့်အော်လိုက်ပြီး လွင့်စဉ်သွားလေသည်။

သူမ ဒဏ်ရာရသွားပြီ ဖြစ်လေသည်။

ရှောင်ကျင်းက မိန်းကလေးအတွက် စိုးရိမ်သွား၍ကာ ...

"ညီမ"

ချက်ချင်းပြေးသွား၏။

ဤတွင် ...

'ဝှစ်'

'ဒုတ်'

လူပုလေးတစ်ယောက် ပစ်လွှင့်လိုက်သော စုတ်တံလက်နက်သည် သူ၏လက်မောင်းတွင် စိုက်ဝင်သွားလေသည်။

"အား"



ရှောင်ကျင်းသည် မိန်းကလေးအနီးတွင် လဲကျသွားလေသည်။

လူပုလေးများသည် သူတို့အား ချက်ချင်းဝိုင်းရံထားလိုက်ကြ၏။

ရှောင်ကျင်းနှင့် မိန်းကလေးတို့ အခက်ကြုံနေရပြီ ဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းသည် ဒဏ်ရာရထားပြီဖြစ်သော်လည်း မိန်းကလေးအတွက် စိုးရိမ်ပူပန်နေလေသည်။

ထို့ကြောင့် ...

"မင်း ဘယ်လိုနေသလဲ"

ဟု မေးကာ မိန်းကလေးကို ဖေးမလိုက်လေသည်။

ဤတွင် ဓာပဝါပြုတ်ထွက်သွားပြီး လှပချောမောသော မျက်နှာလေး ပေါ်လွင်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

နတ်မိမယ်အလား ချောမောလှပသူလေး ဖြစ်ပေတော့သည်။

ရှောင်ကျင်းမှာ ဘာမှဆက်မပြောနိုင်တော့ဘဲ ငေးမောကြည့်နေမိလေတော့သည်။

မိန်းကလေးသည် ရှောင်ကျင်းက စိုက်ကြည့်နေသဖြင့် မျက်နှာလေး နီရဲသွားပြီး ခေါင်းငုံ့ထားလိုက်၏။



ရှောင်ကျင်းက ...

"မင်း ... မင်း ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

မိန်းကလေးက ...

"ရှင် တော်တော်ခက်ပါလား၊ ခုချိန်ထိတောင် ကျွန်မ ဘယ်သူလဲဆိုတာတောင် မသိသေးဘူးလား"

ရှောင်ကျင်းက ခေါင်းကုတ်လိုက်သည်။

မိန်းကလေးသည် မည်သူမည်ဝါဖြစ်ကြောင်း စဉ်းစား၍ မရပါချေ။

ထိုစဉ် ...

"သေဖို့သာပြင်ထား"

အော်ငေါက်သံများနှင့်အတူ လူပုလေးများက ဝိုင်းရံတိုက်ခိုက်လာကြလေသည်။

ရှောင်ကျင်းနှင့်မိန်းကလေးတို့မှာ ပြန်လည်ခုခံနိုင်ဖို့ ခက်ခဲနေပါတော့သည်။

သူတို့ အခက်ကြုံနေစဉ်မှာပင် လူရိပ်တစ်ခုသည် ပြေးလွှားဝင်ရောက်လာပြီး လူပုလေးများအား တိုက်ခိုက်လိုက်သည်။

ထိုလူ၏တိုက်ခိုက်မှုသည် လျှပ်ပြက်သလို လျင်မြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိရောက်မှုရှိနေရကား ...

‘ဝုန်း’

“အား”

“အမယ်လေး”

“သေပါပြီဗျ”

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လူပုလေးများသည် တစ်ယောက်ပြီးတစ်ယောက် အဝေးသို့ လွင့်စဉ်ကာ မြေပေါ်လဲကျသွားကြလေတော့သည်။

※



လူပုနဂါးခုနစ်ဖော်အနက် လေးယောက်မှာ မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေကြလေသည်။

ကျန်သုံးယောက်ကား အထိတ်တလန့်ဖြစ်နေကြ၏။

ဝင်ရောက်တိုက်ခိုက်လာသူကို မျက်လုံးပြူးကြီးများဖြင့် ကြည့်လိုက်ကြလေသည်။

ထိုလူမှာ အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေပါသည်။

ရှောင်ကျင်းသည် ထိုအမျိုးသမီးကြီးကိုမြင်လျှင် အံ့သြသွားလေတော့သည်။

“ဟင် ... ဂန္ဓမာဂေဟာ ပိုင်ရှင်ပါလား”

ဟု ရေရွတ်မိလိုက်လေသည်။

သူတို့အား ကယ်တင်လိုက်သူမှာ ဂန္ဓမာဂေဟာပိုင်ရှင် မေ့ယင်းယင်း ဖြစ်နေပါသည်။

လူပုလေးသုံးယောက်သည်လည်း မေ့ယင်းယင်းကို သိသွား

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

တစ်ယောက်က ...

"ပေ့ယင်းယင်း ... ခင်ဗျားက တောင်ပိုင်းနယ်စားရဲ့ကိစ္စထဲ ဝင်ရှုပ်ရဲတယ် ဟုတ်လား"

ဟု ပြောလိုက်သည်။

ပေ့ယင်းယင်းက ...

"ကျွန်မဟာ နယ်စားကြီးရဲ့ မကောင်းမှုလုပ်ရပ်တွေကို ဖော်ထုတ်ဖို့ ကြိုးစားနေတာ ကြာပါပြီရှင်"

"ခင် ... ခင်ဗျား"

"ရှင်တို့ ဘာကြောင့် ထွက်မသွားကြသေးတာလဲ"

လူပုသုံးယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး ပြေးလွှားထွက်ခွာသွားကြလေတော့သည်။



လူပုလေးများ ထွက်သွားကြပြီ ဖြစ်လေသည်။

ပေ့ယင်းယင်းက ရှောင်ကျင်းတို့ဘက်သို့ လှည့်လာသည်။

ထိုစဉ် ...

"မေမေ"

မိန်းကလေးသည် ပေ့ယင်းယင်းထံသို့ ပြေးလွှားသွားလေသည်။

"သမီး"

ပေ့ယင်းယင်းက ဆီးကြိုပွေ့ဖက်ထားလိုက်သည်။

"ဟာ"

ရှောင်ကျင်း လွတ်ခနဲ အော်လိုက်လေသည်။

သူ့အား တစ်ချိန်လုံး လိုက်လံကူညီနေသော မိန်းကလေးမှာ ဂန္ဓမာဂေဟာပိုင်ရှင် ပေ့ယင်းယင်း၏သမီး သခင်မလေး ပေ့ကျိုဝါး ဖြစ်နေသည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သူက ဂန္ဓမာဂေဟာသို့ သွားရောက်ခဲ့စဉ်က ပေ့ယင်းယင်းက လက်မခံဘဲ မောင်းထုတ်ခဲ့သည်။

သို့သော် ...

နောက်ကွယ်မှ ကူညီနေခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။

ပေ့ယင်းယင်းက ရှောင်ကျင်းကို ပြုံးပြရင်း ...

"မင်းသာ ဖွဲ့သတ္တိမရှိဘူး၊ ဖခင်အတွက် အဖြစ်မှန်ကို ဖော်ထုတ်ဖို့ မကြိုးစားဘူးဆိုရင် ကျုပ်ကလည်း မင်းကို ကူညီနိုင်မှာ မဟုတ်ဘူး၊ မင်းဟာ ယောကျ်ားပီသတဲ့စိတ် ရှိမရှိ သိရအောင် ဂန္ဓမာဂေဟာကို ရောက်လာတုန်းက လက်မခံဘဲ မောင်းထုတ်ခဲ့ရတာပေါ့ကွယ်"

ဟု ရှင်းပြလေသည်။

ရှောင်ကျင်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"ဒေါ်ဒေါ့ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ပေ့ယင်းယင်းက ...

"ကျုပ်ကို ကျေးဇူးမတင်နဲ့၊ သမီးကိုသာ ကျေးဇူးတင်ပါကွယ်"

ရှောင်ကျင်းက ...



"ကျွန်တော်က ညီမကို ကျေးဇူးတင်ပြီးသားပါ ခင်ဗျာ"

ပေ့ကျိဝါး ရယ်မောလိုက်လေသည်။

ပေ့ယင်းယင်းက ...

"ကဲ ... မင်း ဘာဆက်လုပ်မလဲ ပြောပါဦး"

ဟု မေးလာလေသည်။

ရှောင်ကျင်းက ...

"ကျွန်တော်"

မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို စဉ်းစားမရသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

ပေ့ယင်းယင်းက ...

"တကယ်တမ်း မင်းလုပ်သင့်တာက သိုင်းကဝိကျူးစင် သင်ပေးလိုက်တဲ့ နေလတိုက်ကွက်ကို တတ်မြောက်အောင် လေ့ကျင့်ဖို့ပါပဲ၊ ဒီသိုင်းကွက်ကို တတ်မြောက်ပြီးရင် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်နိုင်မယ်၊ သိုင်းလောကမှာ အနှောင့်အယှက် အတားအဆီးမရှိဘဲ သွားလာနိုင်မယ်၊ ဒါဆိုရင် မင်းအတွက် လိုအပ်နေတဲ့ သက်သေအထောက်အထားကို ရှာဖို့ လွယ်သွားပြီပေါ့"

ရှောင်ကျင်းက ...

"ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါပြီ ဒေါ်ဒေါ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ပေ့ယင်းယင်းက ...

“ကဲ ... ကျုပ်တို့သွားမယ်၊ မင်းက နေလတိုက်ကွက်ကို လေ့ကျင့်ပြီးပြီဆိုရင် ဂန္ဓမာဂေဟာကို လိုက်ခဲ့ပေါ့”

ရှောင်ကျင်း ပေ့ကျိဝါးကို ကြည့်လိုက်၏။

ပေ့ကျိဝါးကလည်း သူ့အား ကြည့်နေသည်ကို တွေ့ရလေသည်။

ရှောင်ကျင်းရင်ထဲ ပျော်ရွှင်ကြည်နူးလာသည်။

ထိခိုက်ဒဏ်ရာရမှုများ၊ အခက်အခဲ အန္တရာယ်များကို မေ့လျော့သွားလေတော့သည်။

ပေ့ယင်းယင်းက ...

“ဂန္ဓမာဂေဟာရဲ့ဝင်္ကပါဟာ ခံတပ်ကြီးတစ်ခုလိုပါပဲ၊ တောင်ပိုင်းနယ်စားကြီးက လာပြီး ဒုက္ခပေးရင်တောင် လမ်းပြပေးမယ့်သူ မရှိရင် ဝင်္ကပါကို ဖြတ်ကျော်နိုင်မှာမဟုတ်ဘူး၊ ဂန္ဓမာဂေဟာကို ရောက်လာနိုင်မှာ မဟုတ်ပါဘူး၊ ဒေါ်ဒေါ်တို့အတွက် ဘာမှမပူပါနဲ့ကွယ်”

ရှောင်ကျင်းက ...

“ကောင်းပါပြီခင်ဗျာ၊ နေလတိုက်ကွက်ကို လေ့ကျင့်ပြီးတာ



နဲ့ ကျွန်တော် ဂန္ဓမာဂေဟာကို လာခဲ့ပါ့မယ်”

ဟု ကတိပေးလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သူတော်

ရှောင်ကျင်းသည် ပေ့ကျိုဝါးတို့နှင့် လမ်းခွဲပြီးနောက် သိုင်းလေ့ကျင့်ရန်နေရာကို လိုက်ရှာရာ တောင်ကုန်းလေးတစ်ခုပေါ်၌ ဘုံကျောင်းငယ်လေးတစ်ခုကို တွေ့ရလေသည်။

ထိုဘုံကျောင်းတွင် သူတော်တစ်ယောက် နေထိုင်၏။

ထိုသူတော်သည် မျက်မမြင်ဒုက္ခိတတစ်ယောက် ဖြစ်လေသည်။

ရှောင်ကျင်းက သူတော်ထံ၌ ခွင့်တောင်းကာ ဘုံကျောင်းတွင်နေထိုင်ပြီး သိုင်းလေ့ကျင့်ခဲ့လေသည်။

ရွှေဆေးကို သောက်ထားရသည်ဖြစ်၍ သူရထားသောဒဏ်ရာများသည် လျှင်မြန်စွာ သက်သာပျောက်ကင်းသွားလေသည်။

ရှောင်ကျင်းသည် သူ့အား လက်ခံထားသော သူတော်ကို ကျေးဇူးတင်မိလေသည်။



သူတော်သည် ရှောင်ကျင်းအတွက် စားစရာ အိပ်စရာများကို လိုလေးသေးမရှိ ဆောင်ရွက်ပေးလေသည်။

ထို့ကြောင့်လည်း ရှောင်ကျင်းမှာ စိတ်အေးလက်အေးသိုင်းပညာလေ့ကျင့်နိုင်ခဲ့လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



အချိန်များ ...

တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ရှောင်ကျင်းသည် နေလတိုက်ကွက်ကို အာရုံစိုက်ကာ လေ့ကျင့်ခဲ့လေသည်။

နေလတိုက်ကွက်၏ သဘောတရားများကို သိုင်းကဝိကျူး စင်က ပြောပြထားခဲ့သဖြင့် ရှောင်ကျင်းသည် ကောင်းစွာသိရှိထားပြီး ဖြစ်သည်။

ယခုမှ ...

စိတ်ပါလက်ပါ လေ့ကျင့်မိခြင်း ဖြစ်လေသည်။

နေလတိုက်ကွက် ...။

နေလတိုက်ကွက်သည် ရှေ့ဆက်ရမည့်ဘဝခရီးတွင် လွန် စွာမှပင် အရေးပါမည် ဖြစ်ပေသည်။

နေလတိုက်ကွက်ကို တတ်မြောက်ထားမှသာလျှင် ရန်သူ



များကို ကောင်းစွာရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ပါလော။

ရှောင်ကျင်းက ကြိုးစားပြီးလေ့ကျင့်ခဲ့ရာ တဖြည်းဖြည်း တတ်ကျွမ်းလာလေတော့သည်။

⁂

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ရက် ...။

ရှောင်ကျင်းက ဘုံကျောင်းသို့ ရောက်ရှိလာသည်မှာ ဆယ်ရက်ရှိပြီဖြစ်သည်။

ရှောင်ကျင်းသည် ဖွဲနပ်ပဲဖြင့် ကြိုးစားမှုကြောင့် နဂိုကတည်းက ရင်းနှီးပြီးသား နေလတိုက်ကွက်ကို ကျွမ်းကျင်စွာ တတ်မြောက်သွားလေသည်။

ရှောင်ကျင်း ကျေနပ်သွားသည်။

အခန်းအပြင်ဘက်သို့ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် အပြင်ဘက်မှ စကားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ကျင်း အံ့ဩသွားလေသည်။

မရည်ရွယ်ပါဘဲ ပြောဆိုနေကြသော စကားသံများကို နားထောင်မိလျက်သား ဖြစ်သွားလေသည်။



"မင်း သတင်းပို့ပြီးပြီလား"

"ပို့ပြီးပါပြီ"

"နယ်စားကြီးက ဘာပြောသလဲ"

"သူတော်ဆီမှာ ရောက်နေတဲ့လူငယ်ဟာ ရှောင်ကျင်းဖြစ်တာ အမှန်ပဲဆိုရင် နယ်စားကြီးက သူတော်ကို အသက်ချမ်းသာပေးမယ်လို့ ပြောပါတယ်"

"စိတ်ချ ... သူဟာ ရှောင်ကျင်းဆိုတာ သေချာတယ်"

ထိုစကားများ ကြားရလေသောအခါ ရှောင်ကျင်း ခံပြင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတော်သည် သူ့အား ကောင်းမွန်စွာ လက်ခံထားသည်မှာ အကောက်ကြံလို၍ မဟုတ်ပါလား။

'ဝှန်း'

ရှောင်ကျင်းသည် တံခါးကို ကန်ကျောက်ကာ အပြင်ဘက်လှမ်းထွက်လိုက်လေသည်။

အပြင်ဘက်ရောက်လျှင် သူတော်နှင့် ရွှေဝါရောင်ဝတ်ဆင်ထားသူတစ်ယောက်အား တွေ့လိုက်ရသည်။

ရွှေဝါရောင်ဝတ်ဆင်ထားသူမှာ တောင်ပိုင်းနယ်စား၏ကြေးစားသိုင်းသမားတစ်ယောက် ဖြစ်လေသည်။

သူတို့သည် ရှောင်ကျင်းကိုမြင်လျှင် မျက်နှာပျက်သွားကြ၏။

သူတော်က ...

"သူငယ် ဘာများအလိုရှိလို့လဲကွယ်"



ဟု မေးလာလေသည်။

"ကျုပ် ခင်ဗျားရဲ့အသက်ကို လိုချင်တယ်"

"ဟင်"

"ခင်ဗျားက ကျုပ်ကို ရောင်းစားဖို့ ကြံစည်နေတယ် မဟုတ်လား"

သူတော်သည် သူ၏အကြံ ပေါ်ပေါက်သွားပြီဖြစ်ရကား ...

"ဟုတ်တယ်၊ မင်းဟာ မြို့စားကြီး ရှောင်ဖုံးရဲ့သား ရှောင်ကျင်းဆိုတာ ငါသိထားတယ်၊ ငါကိုယ်တိုင် မင်းအဖေကို လုပ်ကြံခဲ့တဲ့ ကြေးစားငါးယောက်ထဲမှာ ပါဝင်ခဲ့တာပဲ၊ နယ်စားကြီးက ငါ့ကို နုတ်ပိတ်မှာစိုးရိမ်လို့ ငါက ဒီမှာလာပြီး ခတ်မြုပ်ထားတာ မင်းကို ဖမ်းပေးပြီး နယ်စားကြီးနဲ့ အပေးအယူလုပ်မလို့ပဲ"

ရှောင်ကျင်းက ...

"ဒါဖြင့် ကြေးစားလင်းနို့ဆိုတာ ခင်ဗျားပေါ့"

"မှန်လိုက်လေကွာ၊ မင်းကိုဖမ်းပေးရင် ငါ့ကို အသက်ချမ်းသာပေးမယ်လို့ နယ်စားကြီးက သဘောတူလိုက်ပြီ၊ ကဲ... သတိသာထားပေတော့"

စကားဆုံးလျှင် သူတော်က တောင်ဝှေးတစ်ချောင်းဖြင့် စတင်တိုက်ခိုက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကျင်းက အသာအယာ ရှောင်တိမ်းပေးလိုက်သည်။

ထိုစဉ် ...

"ရပ်လိုက်စမ်း"

အော်ငေါက်သံ ထွက်ပေါ်လာသည်။

လူပုလေးသုံးယောက်က ဘုံကျောင်းထဲသို့ ဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

※



"ဟား ... ဟား ... ဟား"

သူတော် (ဝါ) ကြေးစားလင်းနှီက ဟားတိုက်ရယ်မောလိုက်၏။

ရှောင်ကျင်း လွတ်မြောက်နိုင်တော့မည်မဟုတ်ကြောင်း တွေးပြီး သဘောကျနေစဉ်မှာပင် ...

ရွှေဝါရောင်ဝတ်ထားသူက ဓားမြှောင်တစ်လက်ဖြင့် သူ၏ ရင်ဝကို ထိုးစိုက်ချလိုက်လေသည်။

သူတော် မမျှော်လင့်ဘဲ ခံလိုက်ရပြီး ...

"မင်း ... မင်း"

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်ကာ ကြမ်းပြင်ပေါ် လဲကျသွားတော့၏။

※

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးလူမိုက်တို့၏ သစ္စာတရားကင်းမဲ့ပုံကို ရှောင်ကျင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေသည်။

ရွှေရောင်ဝတ်ထားသူက လူပုသုံးယောက်ဘက်သို့ လှည့်လာသည်။

ထို့နောက် ...

"ခင်ဗျားတို့ ကျေနပ်တယ်မဟုတ်လား"

ဟု မေးလေသည်။

အမှတ်တစ်လူပုက ...

"မင်းက သူ့ကို ဆုံးမလိုက်ပါဦး"

ရှောင်ကျင်းကို ညွှန်ပြကာ ပြောဆိုလိုက်သည်။

ရွှေဝါရောင်ဝတ်ထားသူက ...

"စိတ်ချ"

ဟု ပြောကာ ရှောင်ကျင်း၏ထံ ခုန်ဝင်သွားလေသည်။

ရှောင်ကျင်းက လက်ဖွေ့ယမ်းလိုက်သည်။



'ဝုန်း'

"အား"

ရွှေဝါရောင်ဝတ်ထားသူ အဝေးသို့ လွင့်စဉ်သွားပြီး တုတ်တုတ်မျှမလှုပ်တော့ချေ။

ရုတ်တရက် ...

"ယား"

လူပုလေးသုံးယောက်က ရှောင်ကျင်းထံ ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

ထို့ကြောင့် ...

ရှောင်ကျင်းသည် ...

ရှည်ရှည်ဝေးဝေး စဉ်းမစားမနေဘဲ နေလတိုက်ကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

'ဝုန်း'

"အား"

"အမယ်လေး"

"အွန့်"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူပုလေးသုံးယောက်သည် ဖရိုဖရဲဖြင့် ဘုံကျောင်းအပြင်ဘက်သို့ လွင့်စဉ်သွားကြလေတော့သည်။

*



ရှောင်ကျင်းက ဘုံကျောင်းအပြင်ဘက် လှမ်းထွက်လိုက်သည်။

လူပုလေးသုံးယောက်ကား မြေပေါ်လဲကျနေပြီဖြစ်သည်။

ရှောင်ကျင်းသည် နေလတိုက်ကွက်၏ ထူးခြားထက်မြက်ပုံကို လက်တွေ့သိလိုက်ရပြီဖြစ်သည်။

ထိုသိုင်းကွက်သည် ပြိုင်ဘက်ကင်း သိုင်းကွက်ဖြစ်နေသည်မဟုတ်ပါလား။

ရှောင်ကျင်းက လူပုလေးများအား ငေးကြည့်နေစဉ် ...

'ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း'

လက်ခုပ်သံလေးချက် ထွက်ပေါ်လာသည်။

ရှောင်ကျင်း လှမ်းကြည့်လိုက်သောအခါ အဖြူရောင်ဝတ်ထားသော အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးအိုက ...

"မင်း မဆိုးဘူး"

ဟု ပြောလာလေသည်။

ရှောင်ကျင်းက ...

"ဦးက ဘယ်သူများလဲဗျာ"

ဟု မေးလိုက်သည်။

ထိုအဘိုးအိုက ...

"မင်းအဖေကို လုပ်ကြံလိုက်တဲ့ တောင်ပိုင်းနယ်စားဆိုတာ ကျုပ်ပေါ့"

"ဗျာ"

"ကျုပ်က မင်းကိုသုတ်သင်ဖို့ ကြေးစားတွေကို လွှတ်လိုက်တယ်၊ ဒါပေမဲ့ သူတို့အသုံးမကျတာနဲ့ ကျုပ်ကိုယ်တိုင် ထွက်လာရတာပဲ"

"ခင် ... ခင်ဗျား"

"မင်းအဖေဟာ ကျုပ်ရဲ့လျှို့ဝှက်ချက်တွေကို မင်းကို ပေးခဲ့တယ် မဟုတ်လား"

"ဘာဗျ"

"မင်းအဖေက မင်းကို ဘာတွေပေးခဲ့သလဲ ... ပြောစမ်း"

BURMESE CLASSIC .com



"ဟင်"

ရှောင်ကျင်း ယခုမှ ဖခင်ဖြစ်သူ ပေးခဲ့သော ဖယောင်းလုံးလေးကို သတိရလာလေသည်။

ထိုဖယောင်းလုံးလေးသည် သူ၏ကိုယ်ပေါ်တွင် တစ်ချိန်လုံး ရှိနေခဲ့သည်။

ရှောင်ကျင်းက ချက်ချင်းပင် ဖယောင်းလုံးလေးကို ထုတ်ယူကာ ခွဲချလိုက်၏။

ထိုအခါ ...

ဖယောင်းလုံးထဲမှ စာနှစ်စောင် ထွက်ပေါ်လာသည်။

✳

www.burmeseclassic.com

www.burmeseclassic.com

ဖယောင်းလုံးထဲမှ စာနှစ်စောင်မှာ ...

တောင်နန်းစံဒေဝီက ရွှေကြိုးကြာမင်းသားအကြောင်း စုံစမ်းခိုင်းသည့် အမိန့်စာနှင့် ရွှေကြိုးကြာမင်းသားနှင့် တောင်ပိုင်းနယ်စားတို့ ဆက်သွယ်သည့် သက်သေခံစာတို့ဖြစ်လေသည်။

ထိုသက်သေခံ အထောက်အထားများသည် မြို့စားကြီးရှောင်ဖုံး၏ဂုဏ်သိက္ခာကို ဆယ်တင်နိုင်မည့်ဖြစ်ပြီး တောင်ပိုင်းနယ်စားအား အပြစ်ပေးနိုင်မည် ဖြစ်လေသည်။

"ပေးစမ်း"

တောင်ပိုင်းနယ်စားသည် လျှပ်တစ်ပြက်ခုန်ဝင်တိုက်ခိုက်ကာ လုယူလာ၏။

ရှောင်ကျင်းက နေလတိုက်ကွက်ကိုအသုံးပြု၍ ရင်ဆိုင်လိုက်သောအခါ ...

'ဝုန်း'



"အွန့်"

တောင်ပိုင်းနယ်စား မည်သို့မျှ မယှဉ်နိုင်တဲ့ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

ထိုစဉ် ...

"တောင်ပိုင်းနယ်စား ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ"

ကျယ်လောင်သောစကားသံ ထွက်ပေါ်လာသည်။

ရှောင်ကျင်း လှမ်းကြည့်လိုက်သောအခါ သက်တော်ရှည် အမတ်ကြီးနှင့် စစ်သည်တော်များ ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

တောင်ပိုင်းနယ်စား၏မကောင်းသောလုပ်ရပ်များ နိဂုံးချုပ်သွားပြီဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



လေပြည်လေညင်း ဖွေ့ယမ်းတိုက်ခတ်နေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

တောင်ပိုင်းနယ်စား၏မကောင်းမှုများ ပေါ်လွင်သွားပြီဖြစ်သည်။ အကောက်ကြံခံခဲ့ရသော မြို့စားကြီး ရှောင်ဖုံးသည် ဂုဏ်သိက္ခာကို ဆယ်တင်နိုင်လိုက်သည်။

ရှောင်ကျင်းသည် အဖြစ်မှန်ဖော်ထုတ်ပြီးသည်နှင့် ဂန္ဓမာဂေဟာသို့ ဦးတည်ကာ ထွက်ခွာသွားလေသည်။

ဂန္ဓမာဂေဟာတွင် သူ၏လျှို့ဝှက်ဖူးစာရှင် ပေ့ကျိဝါးက စောင့်မျှော်နေလိမ့်မည် မဟုတ်ပါလား။

မကြာမီ လောကကြီးတစ်ခုလုံး သာယာလှပလာတော့မည်ဖြစ်လေသည်။

ပြီး

BURMESE CLASSIC .com

www.burmeseclassic.com